မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၃ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက် ( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးမြင့်သန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန |
| (၂) | ဦးဘမြင့်<br>အထွေထွေမန်နေဂျာ (စစ်ဆေးရေး)<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာဇော်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာစိုင်းကျော်နိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)<br>ပညာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

**ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် **ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန် (အလုပ်သမားရေးရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဒ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ/
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(ဓ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လက်မှတ်ရေးထိုးထားသော ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) ပါ ဆောင်ရွက်ရမည့် ကဏ္ဍများအနက် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများကိုသတ်မှတ်၍ အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော်ရေး ဆောင်ရွက်ရန်၊

(ခ) ပူးတွဲကြေညာချက် (Joint Communique) အား အကောင်အထည်ဖော်ရန်အတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တစ်ရပ်ကို ပြည်တွင်း၌ ညှိနှိုင်းရေးဆွဲရန်၊

(ဂ) လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ကုလသမဂ္ဂနှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့မှ နည်းပညာနှင့် အကြံဉာဏ်များ ရယူနိုင်ရေး ဆောင်ရွက်ရန်၊

(ဃ) ပူးတွဲကြေညာချက် (Joint Communique) အား အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရလဒ်များကို စုစည်းပြုစု၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာသို့ အသိပေးသွားရန်၊

(င) အမျိုးသမီးများအား လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးနှင့် စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သတင်းမီဒီယာများမှတစ်ဆင့် လူထုအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်။

၃။ ကော်မတီသည် လိုအပ်သည့်လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် အမျိုးသားအဆင့် ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်၊ ဖြည့်စွက်လိုပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၄။ "မူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများနှင့် အမျိုးသားအဆင့်ကော်မတီ၏ အစီရင်ခံစာအား နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဇော်လွင်ဦး<br>ဌာနမှူး (သင်ကြားရေး)<br>မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးမင်းမင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

**ဘဏ္ဍာရေးကော်မရှင်တွင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၃/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **ဘဏ္ဍာရေးကော်မရှင်** တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်မောင် ကို အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

**စားသုံးသူကာကွယ်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **စားသုံးသူကာကွယ်ရေးဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**စားသုံးသူကာကွယ်ရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို စားသုံးသူကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေအခန်း (၁၈) ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကို ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။ ကျန်အခန်းများပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကို ထုတ်ပြန်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စားသုံးသူကာကွယ်ရေး**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးခြင်းနှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်တို့မှ သတ်မှတ်ဆောင်ရွက်ပေးသည့် မျှတမှုရှိသော လုပ်ငန်းစဉ်ကို ဆိုသည်။

(ခ) **စားသုံးသူ**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုရန်မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲမှုအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ကုန်စည်ချေးငှားခြင်းပြုလုပ်သူများ သို့မဟုတ် ပေးကမ်းထောက်ပံ့ခြင်းခံရသူများကို ဆိုသည်။

(ဂ) **စီးပွားရေးလုပ်ငန်းရှင်**ဆိုသည်မှာ ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြန်လည်ရောင်းချခြင်းကိုဖြစ်စေ၊ ထောက်ပံ့ပေးခြင်းကိုဖြစ်စေ၊ ဝန်ဆောင်မှုပေးခြင်းကိုဖြစ်စေ၊ ကြော်ငြာလုပ်ငန်းလုပ်ကိုင်ခြင်းကိုဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့်သော်လည်းကောင်း ဆောင်ရွက်သူကို ဆိုသည်။

(ယ) **ကုန်စည်**ဆိုသည်မှာ စားသုံးသူကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူများအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် စားသုံးခြင်းပြုသော အရာဝတ္ထုကို ဆိုသည်။ ယင်းစကားရပ်တွင် ငွေရေးကြေးရေးဆိုင်ရာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အစုရှယ်ယာ၊ ငွေချေးလက်မှတ်၊ ငွေကြေးစသည့် ကိစ္စရပ်များလည်း ပါဝင်သည်။

(ဂ) **ဝန်ဆောင်မှု**ဆိုသည်မှာ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏လိုအပ်ချက်ကို တန်ဖိုးဖြင့်ဖြစ်စေ၊ တန်ဖိုးမပါဘဲဖြစ်စေ ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုကို ဆိုသည်။

(စ) **ကုန်သွယ်မှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တန်ဖိုးသတ်မှတ်၍ အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်ဆောင်ရွက်သော ပြုလုပ်မှုကို ဆိုသည်။

(ဆ) **လိမ်လည်လှည့်ဖြားခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မှားယွင်းသော ဖော်ပြခြင်းဖြင့်ဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာခြင်းဖြင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ စားသုံးသူက လွဲမှားစွာလက်ခံစေရန် ရည်ရွယ်၍ ဆောင်ရွက်မှုကို ဆိုသည်။

(ဇ) **ထင်ယောင်ထင်မှားဖြစ်ခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သဘာဝ အရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသ လက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေ အတွက်ကိုဖြစ်စေ စားသုံးသူကို လွဲမှားယူဆမှုဖြစ်စေသောပြုလုပ်မှုကို ဆိုသည်။

(ဈ) **ကြော်ငြာခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ စားသုံးသူသိရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်မှုကို ဆိုသည်။

(ည) **အရောင်းမြှင့်တင်ခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူများ ပိုမိုသိရှိနားလည်၍ အသုံးပြုမှု တိုးပွားလာစေရန်အလို့ငှာ နည်းလမ်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော နည်းလမ်းဖြင့်ဖြစ်စေ ပြုလုပ်သည့်ဆောင်ရွက်မှုကို ဆိုသည်။

(ဋ) **နစ်နာဆုံးရှုံးမှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏ ရုပ်ပိုင်း ဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ ဂုဏ်သိက္ခာကိုဖြစ်စေ၊ နာမည်ဂုဏ်သတင်းကိုဖြစ်စေ၊ ပိုင်ဆိုင်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ထိခိုက်စေခြင်းကို ဆိုသည်။

(ဌ) **ကုန်အညွှန်းအမှတ်အသား**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ကုန်စည်ထုပ်ပိုးမှု အပြင်အဆင်ပေါ်တွင် စာဖြင့်ရေးသား၍ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားသည့် ကုန်စည်နှင့်သက်ဆိုင်သည့် အချက်အလက် သို့မဟုတ် အမှတ်အသားကို ဆိုသည်။

(ဍ) **ဘေးအန္တရာယ်ရှိသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှု**ဆိုသည်မှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများက စားသုံးရန် သို့မဟုတ် အသုံးပြုရန်မသင့်ဟု သတ်မှတ်ထုတ်ပြန်ထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဆိုသည်။

(ဎ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဏ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်ကို ဆိုသည်။

(တ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ထ) **ဦးစီးဌာန**ဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးမှူးရုံး**ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွဲ့စည်း တာဝန်ပေးအပ်ထားသော ဦးစီးဌာန၏ရုံးများကို ဆိုသည်။

( ဓ ) **ကော်မတီ**ဆိုသည်မှာ ကော်မရှင်က ဤဥပဒေပုဒ်မ ၁၇ အရ ဖွဲ့စည်းသော စားသုံးသူရေးရာ ကော်မတီကို ဆိုသည်။

( န ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စားသုံးသူရေးရာဦးစီးဌာနက ဤဥပဒေအရ စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

( ပ ) **စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့**ဆိုသည်မှာ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရန် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊

( ခ ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်၊

( ဂ ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ တိကျမှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊

(ဃ) စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊

( င ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်ဘက်မှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်၊

( စ ) စားသုံးသူတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကို သုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးရန်၊

(ဆ) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးမှုများ၊ ထိန်းကျောင်းမှုများဆောင်ရွက်ပေးနိုင်ရန်နှင့် ယင်းအဖွဲ့များ အားကောင်းခိုင်မာမှု ရှိစေရေးအတွက် အပြန်အလှန်ပူးပေါင်းကူညီ ဆောင်ရွက်ရန်၊

( ဇ ) စားသုံးသူတို့ကို ဘေးအန္တရာယ်ဖြစ်စေသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးနိုင်ရန်။

## အခန်း (၃)
## ကော်မရှင်ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကြီးအကဲများမှ တာဝန်ပေးအပ်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာကျွမ်းကျင်သူများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်အဖွဲ့ဝင်ဦးရေကို ၂၉ ဦးထက်မပိုသော “မ” ဂဏန်း အရေအတွက်ဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မရှင်ဥက္ကဋ္ဌသည် ပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကော်မရှင်အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးများကို တာဝန်ပေးအပ်နိုင်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနကခွင့်ပြုသော စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိစေရမည်။

၇။ ကော်မရှင်အတွင်းရေးမှူးသည် ကော်မရှင်၏ ကိစ္စအဝဝနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေးလုပ်ငန်းများကိုဆောင်ရွက်ရန် တာဝန်ရှိသည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုပါက အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကော်မရှင် ဥက္ကဋ္ဌက ခွင့်ပြုရမည်။

၉။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအကြောင်းအရာတစ်ခုခု ဖြစ်ပေါ်သည့်အခါ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိ၏ ဆန္ဒအလျောက်နုတ်ထွက်ခြင်း၊

(ဂ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆရာဝန် သို့မဟုတ် ဆေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့သည်အထိ ကျန်းမာရေးချို့ယွင်းခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ခုခုအရ ပြစ်ဒဏ်ကျခံရခြင်း။

၁၀။ ကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်တစ်ဦးဦးနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် ဤဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့ဝင်အသစ် ဖြည့်စွက်ခန့်ထားနိုင်သည်။

၁၁။ ကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော မည်သည့်ကော်မရှင်အဖွဲ့ဝင်ကိုမဆို ဥပဒေနှင့် မညီဘဲ ဆောင်ရွက်ကြောင်းတွေ့ရှိလျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်မှ ရပ်စဲနိုင်သည်။

## အခန်း (၄)
## ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၂။ ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း၊

(ခ) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စများကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဃ) စားသုံးသူကာကွယ်ရေးဆိုင်ရာ မူဝါဒများရေးဆွဲခြင်းနှင့် အစီအမံများချမှတ်ခြင်း၊

(င) ထူးခြားသည့် အခြေအနေနှင့် လုပ်ငန်းစဉ်များ ပေါ်ပေါက်လာပါက မိမိ၏လုပ်ငန်းဆောင်ရွက်ထားရှိမှု အစီအမံများကို အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(စ) စားသုံးသူအသုံးပြုမည့် သို့မဟုတ် စားသုံးမည့် ကုန်စည်များလုံခြုံစိတ်ချရမှုရှိစေရန် ဦးစားပေးကဏ္ဍများ သတ်မှတ်ပေးခြင်း၊

(ဆ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကုန်စည်ကို သက်ဆိုင်ရာ အစိုးရဌာနများ၏ ဓာတ်ခွဲခန်းများနှင့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးနိုင်ရန် ဦးစီးဌာနသို့ တာဝန်ပေးအပ်ခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူရေးရာကော်မတီ၊ ပြည်ထောင်စုနယ်မြေစားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စားသုံးသူရေးရာကော်မတီနှင့် ခရိုင်စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဈ) ဦးစီးဌာန သို့မဟုတ် ကော်မတီကတင်ပြလာသည့် ထူးခြားသောအခြေအနေများ၊ လုပ်ငန်းစဉ်များ၊ ဒဏ်ကြေးငွေချမှတ်ခြင်းများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ည) ကော်မတီကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုကို သတ်မှတ်ကာလအတွင်း အဆုံးအဖြတ်ပေးခြင်း၊

(ဋ) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

(ဌ) စားသုံးသူများအား ကြီးမားသော ဘေးအန္တရာယ်ဖြစ်ပေါ်စေခဲ့လျှင် သို့မဟုတ် နစ်နာဆုံးရှုံးစေခဲ့လျှင် လိုအပ်သလို အရေးပေါ်အစည်းအဝေးများ ခေါ်ယူကျင်းပ၍ စီမံဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၃။ (က) ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စားသုံးသူ၏အခွင့်အရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၂) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊

(၃) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သုတေသနပြုခြင်းနှင့် ယင်းသုတေသနပြုမှုများကို ပြန်လည်သုံးသပ်၍ စားသုံးသူများ၏ အကျိုးအတွက် ဆောင်ရွက်ပေးခြင်း၊

(၄) တိုင်ကြားလာမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် သို့မဟုတ် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရန်နှင့် ဈေးကွက်အတွင်းမှ ပပျောက်စေရန်အလို့ငှာ ဒုတိယဦးစီးမှူးအောက် မနိမ့်သူကို စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်း၊

(၅) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(၆) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအလို့ငှာ စစ်ဆေးရန် လိုအပ်သည့်နေရာများသို့ ဝင်ရောက်စစ်ဆေးခြင်း၊ အချက်အလက်များရယူစုဆောင်းခြင်း၊ နမူနာပစ္စည်းရယူခြင်းနှင့် သတင်းအချက်အလက်များ ရယူစုဆောင်းခြင်းများကို စစ်ဆေးရေးအရာရှိအား တာဝန်ပေးအပ်ခြင်း၊

(၇) စားသုံးသူကို ကြီးမားသော ဘေးအန္တရာယ်ဖြစ်စေမည့် သို့မဟုတ် နစ်နာဆုံးရှုံးစေမည့် ထူးခြားသောအခြေအနေတစ်ရပ်ရပ်ကို အချိန်မီ တားဆီးဖော်ထုတ်နိုင်ရန် ဆောင်ရွက်ခြင်း၊

(၈) စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊

(၉) ကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ခြင်းနှင့် ကော်မရှင်က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

(ခ) ဦးစီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရန် ဦးစီးမှူးရုံးသို့ တာဝန်လွှဲအပ်ပေးရမည် -

(၁) စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ရန်၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဘေးအန္တရာယ်ရှိကြောင်း ပြန်ကြားလာသည့် ကုန်စည်နှင့်စပ်လျဉ်း၍ ဥပဒေအရ အရေးယူဆောင်ရွက်ရန်၊

(၃) စားသုံးသူတွင် နစ်နာဆုံးရှုံးမှုဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးရန်နှင့် ယင်းစေ့စပ်ညှိနှိုင်း ဖြေရှင်းပေးမှုကို ဦးစီးဌာနနှင့် ကော်မတီသို့ တင်ပြရန်၊

(၄) ပုဒ်မ ၂၁၊ ၂၄၊ ၂၅ နှင့် ၂၇ တို့ပါ ပြဋ္ဌာန်းချက်များကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ပုဒ်မ ၅၂ တွင်ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်ပြီး ဦးစီးဌာနနှင့် ကော်မတီသို့ တင်ပြရန်၊

(၅) ပုဒ်မ ၂၁၊ ၂၄၊ ၂၅ နှင့် ၂၇ တို့ပါ ပြဋ္ဌာန်းချက်များမှတစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မတီသို့ တင်ပြရန်၊

(၆) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရန်။

## အခန်း (၆)
## စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၁၄။ စစ်ဆေးရေးအရာရှိသည် တိုင်ကြားလာမှုအပေါ် စုံစမ်းစစ်ဆေးရန် သို့မဟုတ် ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရန်နှင့် ဈေးကွက်အတွင်းမှ ပပျောက်စေရန်အလို့ငှာ ကုန်စည်နှင့် ဝန်ဆောင်မှု စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသည်။

၁၅။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်း၌ ထုတ်လုပ်သော ကုန်စည်များ၊ ပြည်ပမှ တင်သွင်းသော ကုန်စည်များနှင့်စပ်လျဉ်း၍ ဈေးကွက်မရောက်မီ သို့မဟုတ် ဈေးကွက်ရောက်ပြီး ကုန်စည်ကို ဘေးအန္တရာယ် ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(ခ) ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့်အချက်များ ပါဝင်မှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးရန် သို့မဟုတ် အသုံးပြုရန် သင့် မသင့်နှင့် ဘေးအန္တရာယ် ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(ဃ) ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများတွေ့ရှိသည်ဟု သတင်းရရှိပါက မှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(င) သက်ဆိုင်ရာ ဦးစီးမျူးရုံးနှင့် ကော်မတီကချမှတ်သော အရေးယူမှုများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(စ) ဤဥပဒေပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်မှု မရှိစေရန် စောင့်ကြည့်စစ်ဆေးခြင်း၊

(ဆ) စောင့်ကြည့်စစ်ဆေးတွေ့ရှိမှုများကို သက်ဆိုင်ရာဦးစီးမျူးရုံးသို့ တင်ပြခြင်း၊

(ဇ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တိုင်ကြားလာမှုအပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် ယင်းစုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များကို သက်ဆိုင်ရာဦးစီးမျူးရုံးသို့ တင်ပြခြင်း၊

(ဈ) ကုန်စည်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန်နှင့် သက်ဆိုင်ရာအစိုးရဌာန၏ ဓာတ်ခွဲခန်းနှင့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများသို့ ပေးပို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးမျူးရုံးသို့ တင်ပြခြင်း၊

(ည) ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးစဉ်ကာလအတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချခြင်းမရှိစေရန် သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုစေရန်အတွက် သက်ဆိုင်ရာဦးစီးမျူးရုံးသို့ တင်ပြခြင်း၊

(ဋ) ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဦးစီးမျူးရုံးက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၆။ စစ်ဆေးရေးအရာရှိသည် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

## အခန်း (၇)

## စားသုံးသူရေးရာကော်မတီ ဖွဲ့စည်းခြင်း

၁၇။ (က) ကော်မရှင်သည် စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်နှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်ကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးနိုင်ရန် အောက်ပါစားသုံးသူရေးရာကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူရေးရာကော်မတီ၊

(၂) ပြည်ထောင်စုနယ်မြေစားသုံးသူရေးရာကော်မတီ။

(ခ) ပုဒ်မခွဲ (က) ပါ စားသုံးသူရေးရာ ကော်မတီများဖွဲ့စည်းရာတွင် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်ဦးရေ ငါးဦးမှ ကိုးဦးအထိ “မ” ဂဏန်းဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

## အခန်း (၈)

## စားသုံးသူရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၈။ ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖြေရှင်းနိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကြီးမားသော နစ်နာဆုံးရှုံးမှုဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို မှန်ကန်မှု ရှိ မရှိ စုံစမ်းနိုင်ရန် အလို့ငှာ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များကို ဆုံးဖြတ်ပေးခြင်း၊

(င) ပုဒ်မ ၂၁၊ ၂၄၊ ၂၅ နှင့် ၂၇ တို့ပါ ပြဋ္ဌာန်းချက်နှင့် အခန်း (၂၃) ပါ တားမြစ်ချက်များမှအပ ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ပုဒ်မ ၅၃ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်ခြင်း၊

(စ) ပုဒ်မ ၅၂ အရ သက်ဆိုင်ရာဦးစီးမှူးရုံးက ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဆ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကော်မရှင်သို့ တင်ပြခြင်း၊

(ဇ) ကော်မရှင်က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)

## စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ

၁၉။ စားသုံးသူ၏အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှု ရရှိစေခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်း၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူအသုံးပြုရာတွင် လိုအပ်သောသတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ သိရှိခွင့်နှင့် ပြေစာ သို့မဟုတ် အထောက်အထား ရယူခွင့်ရှိခြင်း၊

(ဃ) ဈေးကွက်အတွင်းရှိ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခွင့်ရှိခြင်း၊

(င) စားသုံးသူနစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရရှိနိုင်စေခြင်း၊

(စ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိခြင်း၊

(ဆ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများ၊ အခွင့်အရေးများနှင့် လိုအပ်သော အချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊

(ဇ) ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်း။

၂၀။ စားသုံးသူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူရာတွင် သဘောတူညီထားသည့် တန်ဖိုးနှင့်အညီ ပေးချေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မဟုတ်မမှန် စွပ်စွဲပြောဆိုမှု၊ ပြုလုပ်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် မဟုတ်မမှန်ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

## အခန်း (၁၀)
## စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ

၂၁။ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံချက်၊ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊

(ခ) စားသုံးသူကို ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ခြင်း၊

(ဃ) ကုန်သွယ်မှုပြုရန်နှင့် ထုတ်လုပ်မှုပြုရန်အလို့ငှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်ထားသည့်အရည်အသွေးစံသတ်မှတ်ချက်များအပေါ် အခြေခံ၍ အာမခံချက်ပေးခြင်း၊

(င) အရည်အသွေးစမ်းသပ်ရန် လိုအပ်သော ကုန်စည်နှင့်စပ်လျဉ်း၍ ဝယ်ယူခြင်းမပြုမီ စားသုံးသူများကို စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊

(စ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ထပ်မံပေးချေရမည့် တန်ဖိုးကို စားသုံးသူက ဝယ်ယူအသုံးမပြုမီ သိရှိစေရန် အတိအလင်းဖော်ပြပေးခြင်း၊

(ဆ) စားသုံးသူ နစ်နာဆုံးရှုံးမှု ဖြစ်ပွားစေမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက်ရောင်းချခြင်း သို့မဟုတ် သွယ်ဝိုက်ရောင်းချခြင်းကို ရှောင်ကြဉ်ခြင်း၊

(ဇ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ကတိပြုထားသော အာမခံချက်နှင့် ကိုက်ညီမှု မရှိပါက ကတိပြုထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊

(ဈ) အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့်ဖြစ်စေ၊ အခြား နည်းလမ်းများဖြင့်ဖြစ်စေ စားသုံးသူအပေါ် ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊

(ည) ထုတ်လုပ်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ဘေးအန္တရာယ်ရှိကြောင်းကို မိမိကိုယ်တိုင် သော်လည်းကောင်း၊ အခြားနည်းလမ်း တစ်ခုခုအရသော်လည်းကောင်း သိရှိလျှင် အဆိုပါ အကြောင်းအရာအား ဦးစီးဌာနနှင့် စားသုံးသူများထံ အချိန်မီသိရှိနိုင်စေရန် လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ အသိပေးခြင်း၊

(ဋ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ပါက သက်ဆိုင်ရာ ကော်မတီ၏ ဖြေရှင်းဆောင်ရွက်ပေးမှုနှင့် ဆုံးဖြတ်ချက်ကို အလေးထားလိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၁၁)
## ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း

၂၂။ စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းချသည့် ကုန်စည်တွင် သာမန်အားဖြင့် မမြင်နိုင်သော သဘာဝ ပြောင်းလဲနိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို စားသုံးသူအား ထင်ရှားစွာ ဖော်ပြ၍ အသိပေးရမည်။

၂၃။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်နှင့်စပ်လျဉ်း၍ ဖော်ပြရမည့် အာမခံချက်များတွင် အောက်ပါ အချက်အလက်များ ပါဝင်စေရမည် -

(က) စားသုံးသူက လက်ခံသုံးစွဲနိုင်သော အရည်အသွေးရှိခြင်း၊

(ခ) ကုန်စည်၏ အရည်အသွေး၊ အချိန်အတွယ်ပမာဏနှင့် အလေးချိန် မှန်ကန်မှုရှိခြင်း၊

(ဂ) ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊

(ဃ) သုံးစွဲသူ၏ လိုအပ်ချက်အတွက် သင့်လျော်မှုရှိခြင်း၊

(င) နမူနာပစ္စည်းတွင် ဖော်ပြထားသည့်အတိုင်း တူညီစွာပါရှိခြင်း၊

(စ) အာမခံချက်ပေးထားသည့်ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်း အပိုပစ္စည်းရရှိနိုင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ခြင်း သို့မဟုတ် လဲလှယ်နိုင်ခြင်း၊

(ဆ) ကုန်အညွှန်းအမှတ်အသားပါ အချက်အလက်၊ ကြော်ငြာ၊ ကမ်းလှမ်းချက် သို့မဟုတ် အရောင်း မြှင့်တင်ခြင်းတွင်ပါဝင်သော ဖော်ပြချက်နှင့် ကိုက်ညီမှုရှိခြင်း။

## အခန်း (၁၂)
## ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး

၂၄။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၃ အရ စားသုံးသူအပေါ် အာမခံချက်ပေးထားသည့် ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်း အသုံးပြုနိုင်ရန် ကုန်စည်ကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ခြင်း မပြုလျှင်ဖြစ်စေ၊ သတင်းအချက်အလက်ပြည့်စုံစွာ ဖော်ပြခြင်းမရှိလျှင်ဖြစ်စေ စားသုံးသူသည် အောက်ပါ အချက်တစ်ရပ်ရပ်ကို တောင်းဆိုပိုင်ခွင့်ရှိသည် -

(က) အာမခံချက်ပေးထားသည့်အတိုင်း ပြန်လည်ပြင်ဆင်လဲလှယ်ပေးရန် သို့မဟုတ်

(ခ) အပိုပစ္စည်းမရရှိနိုင်လျှင် ထုတ်လုပ်သူထံမှ ကုန်စည်တန်ဖိုး သို့မဟုတ် ဝယ်ယူသုံးစွဲသည့် ကုန်စည် သို့မဟုတ် မူလအရည်အသွေးအောက်မနိမ့်သော ကုန်စည်ကို ပြန်လည်ရရှိရန် သို့မဟုတ်

(ဂ) စီးပွားရေးလုပ်ငန်းရှင်ဘက်မှ ချို့ယွင်းချက်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ယင်းကုန်စည် တန်ဖိုးနှင့် ညီမျှသော ကုန်စည်ကို အစားထိုးလဲလှယ်ပေးရန် သို့မဟုတ်

(ဃ) ကုန်စည်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ဖော်ပြရန် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှု ရှိခဲ့လျှင် ယင်းအတွက် လျော်ကြေး တောင်းခံခွင့်ရှိရန်။

၂၅။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၃ အရ စားသုံးသူအပေါ် အာမခံချက်ပေးထားပြီး ရောင်းချသည့် ကုန်စည်နှင့်စပ်လျဉ်း၍ စားသုံးသူသည် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည် -

(က) အာမခံချက်နှင့်ညီသော အရည်အသွေးတူ ကုန်စည် ရရှိရန်၊

(ခ) ရောင်းချသူမှ ငွေပြန်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ပြန်လည် လဲလှယ်ပေးရန်၊

(ဂ) အာမခံချက်ထားသည့်အတိုင်း အမှန်တကယ်မရရှိပါက လျော်ကြေးရရှိရန်။

## အခန်း (၁၃)
## ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း

၂၆။ စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူအပေါ် ဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်းသည့် ဖော်ပြရမည့် အာမခံချက်များတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည် -

(က) မိမိဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အချက်အလက်များကို စားသုံးသူသိရှိစေရန် ကြိုတင်အသိပေးခြင်း၊

(ခ) မှန်ကန်သော သတင်းအချက်အလက်နှင့်ပြည့်စုံသော ဝန်ဆောင်မှုအဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊

(ဂ) စားသုံးသူ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိခြင်း၊

(ဃ) အာမခံထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊

(င) စားသုံးသူနှင့် သဘောတူညီထားသည့် ဝန်ဆောင်မှု တန်ဖိုးအတိုင်း ပေးအပ်စေခြင်း။

## အခန်း (၁၄)
## ဝန်ဆောင်မှုလုပ်ငန်းများ၏ အာမခံချက်နှင့်စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေး

၂၇။ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၂၆ အရ စားသုံးသူအပေါ် အာမခံချက်ပေးထားသည့် ကာလအတိုင်း ဝန်ဆောင်မှုမပေးနိုင်လျှင် သို့မဟုတ် ဝန်ဆောင်မှုပေးရန်ပျက်ကွက်လျှင် စားသုံးသူသည် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည် -

(က) ဝန်ဆောင်မှုပေးရန် ပျက်ကွက်ခဲ့မှုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် ယင်းအတွက် လျော်ကြေးပေးရန်၊

(ခ) အာမခံထားသော အချိန်ကာလအတွင်း သဘောတူညီထားသော ဝန်ဆောင်မှုကို မရရှိခဲ့လျှင် စားသုံးသူ၏နစ်နာမှုအတွက် ကုစားခွင့်ပေးရန်။

## အခန်း (၁၅)
## ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု လုံခြုံစိတ်ချရမှု

၂၈။ ဦးစီးဌာနသည် စားသုံးသူများအသုံးပြုမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကော်မရှင်၏ သဘောတူညီချက်နှင့်အညီ ဦးစားပေးကဏ္ဍများ သတ်မှတ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၉။ ဦးစီးဌာနသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု လုံခြုံစိတ်ချရမှုနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်သော အစီအမံများ ပြုလုပ်ခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) စားသုံးသူများအသုံးပြုမည့် ကုန်စည်များ ထုတ်လုပ်ခြင်းအပေါ် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) စစ်ဆေးရေးအရာရှိက တင်ပြလာသော ဘေးအန္တရာယ်ရှိသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အချက်အလက်များကို အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း၊

(စ) စားသုံးသူများအသုံးပြုမည့် ကုန်စည်များအတွက် ဦးစားပေး ကုန်စည်အမျိုးအစားအလိုက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြန်မာနိုင်ငံစံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) စံသတ်မှတ်ချက်များ အတည်ပြုသတ်မှတ်ထားခြင်းမရှိသေးသော စားသုံးသူများ အသုံးပြုမည့် ကုန်စည်များအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိနှိုင်း၍ အနည်းဆုံးရှိရမည့် စံသတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း (၁၆)

## ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်း

၃၀။ ဦးစီးဌာနသည် -

(က) ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းနိုင်စေရန် သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်နိုင်ရန်နှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်နိုင်ရန် ဆောင်ရွက်ရမည်။

(ခ) ထိုသို့ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

၃၁။ ဦးစီးဌာနသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်းတို့ကို ဆောင်ရွက်ရမည် -

(က) စစ်ဆေးရေးအရာရှိ၏ စောင့်ကြည့်လေ့လာချက်နှင့် သက်ဆိုင်ရာ အစိုးရဌာနများ၏ စစ်ဆေးတွေ့ရှိချက်များအရ ဘေးအန္တရာယ်ရှိသည်ဟု ဦးစီးမှူးရုံးက တင်ပြလာသည့်ကိစ္စ၊

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများမှ အစီရင်ခံတင်ပြသည့် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိသည်ဟု သက်ဆိုင်ရာကော်မတီက အကြောင်းကြားလာသည့်ကိစ္စ။

၃၂။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို ဘေးအန္တရာယ်ရှိသော ကုန်စည်များအား မိမိသဘောဆန္ဒအလျောက် ပြန်လည်သိမ်းဆည်းလိုပါက ပြန်လည်သိမ်းဆည်းခြင်းနှင့် သိမ်းဆည်းမည့်အစီအမံအား သက်ဆိုင်ရာဦးစီးမှူးရုံးသို့ အသိပေးတင်ပြခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်ရမည်။

၃၃။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပုံအဆင့်ဆင့်ကို သတ်မှတ်ထုတ်ပြန်ရမည်။

၃၄။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုကို စားသုံးသူထံ မှန်ကန်သောသတင်းအချက်အလက်များကို သတ်မှတ်ထုတ်ပြန်ရမည်။

## အခန်း (၁၇)

## ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု

၃၅။ စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် -

(က) ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းရှင်၊

(ခ) ကုန်စည်ထုတ်လုပ်သူ၊

(ဂ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသောအမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊

(ဃ) ပြည်ပမှ ကုန်စည်များတင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(င) တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(စ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ ဝန်ဆောင်မှုကို ပြည်တွင်းစားသုံးသူများအတွက် ကြားခံဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ။

၃၆။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုဝယ်ယူအသုံးပြုခြင်းကြောင့် အာမခံပေးထားသည့် ကာလအတွင်း စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် -

(က) ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းရှင်၊

(ခ) ကုန်စည်ထုတ်လုပ်သူ၊

(ဂ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသောအမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊

(ဃ) ပြည်ပမှ ကုန်စည်များတင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(င) တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊

(စ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ ဝန်ဆောင်မှုကို ပြည်တွင်းစားသုံးသူများအတွက် ကြားခံဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူ။

၃၇။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ယင်း၏ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အခြားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးသို့ လွှဲပြောင်းရောင်းချရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ လွှဲပြောင်းရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်က ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရမည် -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံခြင်းမပြုလုပ်ဘဲ မူလအတိုင်းရောင်းချခြင်း၊

(ခ) ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ပြုပြင်မွမ်းမံခြင်း သို့မဟုတ် နမူနာပုံစံ၊ အရည်အသွေး၊ ဖွဲ့စည်းပုံတို့နှင့် ကိုက်ညီမှုမရှိခြင်းများကို သိရှိခြင်းမရှိဘဲ ကုန်သွယ်ရောင်းဝယ်မှုပြုခြင်း။

၃၈။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ စားသုံးသူသို့ ရောင်းချခြင်းပြုလျှင် ယင်းကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းရန် တာဝန်ရှိသည်။

၃၉။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုနိုင်သည့်ကာလ သို့မဟုတ် အာမခံပေးထားသည့်ကာလ သက်တမ်းအတွင်း အပိုပစ္စည်းများရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ရောင်းချပြီးနောက် လိုအပ်သော ဝန်ဆောင်မှုများ ထပ်မံပေးခြင်းနှင့် သဘောတူညီချက်တွင်ပါရှိသည့် အာမခံချက်နှင့်အညီ ဆောင်ရွက်ခြင်းပြုရမည်။

၄၀။ ပုဒ်မ ၃၇၊ ၃၈ နှင့် ၃၉ တို့အရ နစ်နာဆုံးရှုံးမှုအတွက် စီးပွားရေးလုပ်ငန်းရှင်နှစ်ဦး သို့မဟုတ် နှစ်ဦး ထက်ပိုသော ပုဂ္ဂိုလ်များတွင် တာဝန်ရှိပါက ပူးတွဲ၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တာဝန်ယူဆောင်ရွက် ပေးရမည်။

## အခန်း (၁၈)

## ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း

၄၁။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစား အလိုက် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို သိသာထင်ရှားစွာ ဖော်ပြရမည် -

(က) ကုန်စည်၏ တံဆိပ်အမှတ်အသား၊

(ခ) ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှု အညွှန်း၊ သုံးစွဲပုံနည်းလမ်း၊

(ဂ) ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ ထုတ်လုပ်မှု အမှတ်စဉ်၊

(ဃ) ပြည်တွင်းသို့ တင်သွင်းလာသော ကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့် လိပ်စာ၊

(င) ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှ ကုန်စည်များ တင်သွင်းပြီး ပြန်လည်ထုပ်ပိုးသည့်နေရာ၊

(စ) ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်း အမျိုးအမည်များနှင့် ပစ္စည်းများ၏ ပမာဏ၊ ပါဝင်မှု အချိုးအစား၊

(ဆ) ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင် သတိပေးချက်၊

(ဇ) သက်ဆိုင်ရာ အစိုးရဌာနများက ဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များ။

၄၂။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သိပ္ပံနည်းကျ သုတေသနပြုဆောင်ရွက်ချက်နှင့် ကျန်းမာရေးအာဟာရဆိုင်ရာ အာမခံချက်များ ဖော်ပြနိုင်သည်။

၄၃။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) နှင့် (ဆ) တို့ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်။

## အခန်း (၁၉)

## တိုင်ကြားခြင်းနှင့် စိစစ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း

### တိုင်ကြားခြင်း

၄၄။ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် စားသုံးသူ၏ နစ်နာဆုံးရှုံးမှု တစ်ရပ်ရပ်ကို တိုင်ကြားလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ လူထုဆက်သွယ်ရေး နည်းလမ်းတစ်ခုခုဖြင့် သော်လည်းကောင်း သက်ဆိုင်ရာ ဦးစီးမျူးရုံးသို့ သက်သေခံအထောက်အထားနှင့်အတူ တိုင်ကြားနိုင်သည် -

(က) နစ်နာသည့် စားသုံးသူ၊

(ခ) နစ်နာသည့် စားသုံးသူ၏ မိသားစုဝင်များ၊

(ဂ) နစ်နာသည့် စားသုံးသူနှင့် ဆက်နွယ်သော ပုဂ္ဂိုလ်များ၊

(ဃ) အစိုးရဌာနအဖွဲ့အစည်းများ၊

(င) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ။

**စိစစ်ဆောင်ရွက်ခြင်း**

၄၅။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် ပုဒ်မ ၄၄ အရ တိုင်ကြားလာသော ကိစ္စများနှင့်စပ်လျဉ်း၍ သက်သေခံ အထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ မှန်ကန်မှု ရှိ မရှိ စိစစ်ခြင်း၊

(ခ) ပြည့်စုံမှန်ကန်မှုမရှိသော တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်စေခြင်း၊

(ဂ) လူထုဆက်သွယ်ရေး နည်းလမ်းတစ်ခုခုဖြင့် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် မှတ်တမ်းရယူခြင်း။

**ညှိနှိုင်းဖြေရှင်းပေးခြင်း**

၄၆။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဇ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စုံစမ်းစစ်ဆေးခဲ့မှုနှင့်စပ်လျဉ်း၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားသက်သေခံပစ္စည်း များကို စစ်ဆေးခြင်း၊

(ခ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်ကို ညှိနှိုင်း ဖြေရှင်းနိုင်ရန် ခေါ်ယူခြင်း၊

(ဂ) စားသုံးသူတိုင်ကြားမှုကိုသိမြင်သော ပုဂ္ဂိုလ် သို့မဟုတ် မျက်မြင်သက်သေနှင့် စားသုံးသူကာကွယ်ရေး ဆိုင်ရာကိုသိရှိသော ကျွမ်းကျင်သူများရှေ့တွင် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်တို့ကို ခေါ်ယူစစ်ဆေးခြင်း၊

(ဃ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ယင်း၏ တရားဝင်ကိုယ်စားလှယ်သည် ဆင့်ခေါ်ရာသို့ လာရောက်ခြင်းမရှိပါက တစ်ဖက်သတ် စစ်ဆေးဆုံးဖြတ်ခွင့်ရှိခြင်း၊

(င) စားသုံးသူဘက်မှ နစ်နာဆုံးရှုံးမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(စ) တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ကျူးလွန်ဖောက်ဖျက်သော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူ ကာကွယ်ရေးနှင့်စပ်လျဉ်းသော သဘောတူညီချက်ကို အသိပေးအကြောင်းကြားခြင်း၊

(ဆ) ပုဒ်မခွဲ (စ) အရ သဘောတူညီချက်ကို လိုက်နာခြင်းမရှိပါက ကော်မတီသို့ တင်ပြခြင်း။

၄၇။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် ပုဒ်မ ၄၆ ပါ ညှိနှိုင်းဖြေရှင်းပေးခြင်းများကို မှတ်တမ်းတင်ထားရှိရမည်။

၄၈။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းပေးခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များကို လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။ သို့သော် အဆိုပါ အချက်အလက်များကို ကော်မတီ၊ ကော်မရှင် သို့မဟုတ် တရားရုံးတစ်ခုခုက သက်သေခံ အထောက်အထားများအဖြစ် တောင်းခံလာပါက ပေးပို့ပိုင်ခွင့်ရှိသည်။

၄၉။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဇ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည့် တိုင်ကြားမှုများကို သက်ဆိုင်ရာ အစိုးရဌာနများသို့ ပေးပို့၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၀။ စားသုံးသူသည် အကြောင်းခြင်းရာများကို မရိုးမဖြောင့်သောသဘောဖြင့် ထိမ်ချန်၍သော် လည်းကောင်း၊ တစ်ဦးတစ်ယောက်ကို မတရားသော နည်းလမ်းတစ်ခုခုဖြင့် နစ်နာဆုံးရှုံးမှုဖြစ်စေရန် ရည်ရွယ်၍သော်လည်းကောင်း မဟုတ်မမှန် လိမ်လည်တိုင်ကြားခြင်း၊ မမှန်သက်သေထွက်ဆိုခြင်း၊ မမှန် သက်သေခံအထောက်အထား တင်ပြခြင်းပြုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၅၁။ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးကိစ္စနှင့်စပ်လျဥ်းသည့် ကုန်ကျစရိတ်များကို နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသူဘက်မှ ကျခံစေရမည်။

## အခန်း (၂၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၂။ သက်ဆိုင်ရာ ဦးစီးမှူးရုံးသည် ပုဒ်မ ၂၁ အရ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၂၄၊ ၂၅ နှင့် ၂၇ တို့အရ စားသုံးသူက တောင်းဆိုနိုင်သော အခွင့်အရေးများကို ပေးအပ်ရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ဖောက်ဖျက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ပြန်လည်ပြင်ဆင်ပေးစေခြင်း၊

(ဂ) အစားထိုးပေးစေခြင်း၊

(ဃ) ဆုံးရှုံးမှုတန်ဖိုးနှင့်အညီ ငွေပြန်လည်ပေးစေခြင်း။

၅၃။ ကော်မတီသည် ပုဒ်မ ၂၁၊ ၂၄၊ ၂၅ နှင့် ၂၇ တို့ပါ ပြဋ္ဌာန်းချက်နှင့် အခန်း (၂၃) ပါ တားမြစ်ချက်များမှအပ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် မည်သည့် စီးပွားရေးလုပ်ငန်းရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) နစ်နာမှုများအတွက် သတ်မှတ်ထားသော လျော်ကြေးငွေပေးစေခြင်း၊

(ခ) ဒဏ်ကြေးငွေချမှတ်ခြင်း၊

(ဂ) အငြင်းပွားလျက်ရှိသော ကုန်စည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုကို ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အပြီးတမ်းပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာ အစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၅၄။ ကော်မတီသည် ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ ချမှတ်ထားသည့် ဒဏ်ကြေးငွေများကို ကော်မရှင်က သတ်မှတ်သည့်အတိုင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

## အခန်း (၂၁)
## အယူခံဝင်ခြင်း

၅၅။ ပုဒ်မ ၅၂ အရ ဦးစီးမှူးရုံးက ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာကော်မတီသို့လည်းကောင်း၊ ပုဒ်မ ၅၃ အရ ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ကော်မရှင်သို့လည်းကောင်း အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အသီးသီးအယူခံဝင်ရောက်နိုင်သည်။

၅၆။ (က) ကော်မတီသည် ပုဒ်မ ၅၅ အရ အယူခံမှုတွင် သက်ဆိုင်ရာဦးစီးမှူးရုံးက ချမှတ်ထားသော အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ကော်မရှင်သည် ကော်မတီက ပုဒ်မ ၅၃ အရ ချမှတ်သော အမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ (က) အရ ချမှတ်သော ဆုံးဖြတ်ချက်ကိုလည်းကောင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကော်မရှင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၂၂)
## စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များနှင့် ဆောင်ရွက်မည့်အချက်များ

၅၇။ ဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ၏ ဤဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှုများကို အားပေးကူညီဆောင်ရွက်ရမည်။

၅၈။ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့ တည်ထောင်ခြင်းသည် စားသုံးသူများကို ကာကွယ်ပေးမည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်သာ ဖြစ်ရမည်။

၅၉။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သော စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဦးစီးဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်နိုင်သည်။

၆၀။ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ စားသုံးသူထံ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းတို့ကို ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၆၁။ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များသည် စားသုံးသူကို နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေသည့် သို့မဟုတ် ချိုးဖောက်မှုဖြစ်ပေါ်စေသည့် စီးပွားရေးလုပ်ငန်းရှင်အပေါ် စားသုံးသူကိုယ်စား တိုင်ကြားအရေးဆိုမှုနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးနိုင်သည်။

## အခန်း (၂၃)
## တားမြစ်ချက်များ

၆၂။ မည်သူမျှ စားသုံးသူ သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန် မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါတို့ကို မပြုလုပ်ရ -

(က) စားသုံးသူကို သွေးဆောင်ဖြားယောင်း၍ တိုင်ကြားစေခြင်း၊

(ခ) မမှန်မကန် သက်သေထွက်ဆိုခြင်း၊

(ဂ) မမှန်မကန်သတင်းများ ဖြန့်ဖြူးခြင်း၊

(ဃ) တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသောကိစ္စများကို ဆောင်ရွက်ခြင်း။

၆၃။ စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ အောက်ပါကြော်ငြာအမျိုးအစားများကို ကြော်ငြာခြင်း မပြုရ -

(က) ကုန်စည်၏အရည်အသွေး၊ အရေအတွက်၊ ပါဝင်သောပစ္စည်းများ၊ အသုံးပြုပုံ၊ ဈေးနှုန်း၊ ဝန်ဆောင်မှုနှုန်းထားနှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပေးအပ်နိုင်သည့် အချိန်တို့နှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားခြင်းပြုထားသော ကြော်ငြာများ၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံပေးထားမှုနှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားခြင်းပြုထားသော ကြော်ငြာများ၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မဟုတ်မမှန်သော သတင်းအချက်အလက်များပါဝင်သည့် ကြော်ငြာများ၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြင့် အန္တရာယ်ရှိမှုကို အသိပေးခြင်းမရှိသော ကြော်ငြာများ၊

(င) သက်ဆိုင်သူ၏ ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ဦး သို့မဟုတ် အဖြစ်အပျက်တစ်ခုအပေါ် အသုံးပြုထားသော ကြော်ငြာများ၊

(စ) တည်ဆဲဥပဒေများ၊ လူမှုကျင့်ဝတ်များနှင့် ကိုက်ညီမှုမရှိသည့် ကြော်ငြာများ။

၆၄။ စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေ တစ်ခုခုဖြင့် အရောင်းမြှင့်တင်ခြင်း မပြုရ -

(က) သတ်မှတ်ထားသောကာလအတွင်း ကြော်ငြာထားသော ပမာဏ၊ အရေအတွက်အတိုင်းရောင်းချရန် အစီအစဉ်မရှိဘဲ ကုန်စည်ကို အချိန်ကာလတစ်ခုအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ခ) ကုန်စည်တစ်ခုကို ဆုကြေးအနေဖြင့်ပေးရန် သို့မဟုတ် အခမဲ့ဝန်ဆောင်မှုပေးရန် ကတိပြုထား သော်လည်း အမှန်တကယ် ပေးအပ်နိုင်ခြင်းမရှိဘဲ ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ဂ) စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ အနှောင့်အယှက်ဖြစ်စေမည့် နည်းလမ်းတစ်ခုခုဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်း။

၆၅။ စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှုပြုလုပ်ရာတွင် အောက်ပါအခြေအနေတစ်ခုခုဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း မပြုရ -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ ရောင်းချခြင်း၊

(ခ) သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီသည်ဟု မမှန်မကန် ဖော်ပြခြင်း၊

(ဂ) နောက်ဆုံးသုံးစွဲရမည့် ရက်စွဲကျော်လွန်နေသော ကုန်စည်ကို ပြုပြင်မွမ်းမံ၍ ရောင်းချခြင်း၊ ရောနှောရောင်းချခြင်း၊

(ဃ) အမျိုးအစားတူ အရည်အသွေးနိမ့်ကုန်စည်ကို ရောနှောရောင်းချခြင်းနှင့် အမျိုးအစားမတူ စားသုံးရန်မသင့်သော ကုန်စည်ကိုရောနှောရောင်းချခြင်း။

၆၆။ စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်မှု ပြုလုပ်ရာတွင် အောက်ပါအခြေအနေတစ်ခုခုဖြင့် လိမ်လည်လှည့်ဖြားမှုမပြုရ -

(က) အသုံးမပြုနိုင်သော သို့မဟုတ် မရရှိနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

(ခ) အပြစ်အနာအဆာ၊ ချို့ယွင်းချက်များကို ဖုံးကွယ်ထားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဖြစ်ခြင်း၊

(ဂ) အခြားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချိုးနှိမ် ဖော်ပြခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ပါဝင်ရမည့် သတင်းအချက်အလက်များကို ပြည့်စုံခိုင်မာမှု မရှိဘဲ ချဲ့ကားဖော်ပြမှုများကို အသုံးပြုခြင်း၊

(င) ကမ်းလှမ်းထားသော ကုန်စည်မဟုတ်ဘဲ အခြားကုန်စည်ကို အစားထိုးရောင်းချခြင်း၊

(စ) အရောင်းမြှင့်တင်ရောင်းချခြင်းမပြုမီ ဈေးနှုန်းများကို တိုးမြှင့်ခြင်း၊

(ဆ) အသုံးပြုလိုသော ကုန်စည်တစ်ခုကို ဝယ်ယူရာတွင် ခိုင်လုံသော အကြောင်းပြချက်တစ်စုံတစ်ရာ မရှိဘဲ စားသုံးသူမလိုအပ်သော အခြားကုန်စည်တစ်ခုနှင့် တွဲဖက်ရောင်းချခြင်း။

၆၇။ စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ အောက်ဖော်ပြပါ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ -

(က) ပုဒ်မ ၄၁ အရ ကုန်စည်နှင့်သက်ဆိုင်သည့် ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ခ) ကြော်ငြာနှင့် အရောင်းမြှင့်တင်ခြင်းတို့တွင်ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ဂ) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊

(ဃ) အငြင်းပွားလျက်ရှိသောကြောင့် ကာလအကန့်အသတ်ဖြင့် ကော်မတီက တားမြစ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု။

၆၈။ စီးပွားရေးလုပ်ငန်းရှင် မည်သူမျှ ကုန်အညွှန်းအမှတ်အသားများ ဖော်ပြရာတွင် ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည့် ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

## အခန်း (၂၄)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၉။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ (က) စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မ ၆၃ နှင့် ၆၄ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါ ပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၁။ (က) စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မ ၆၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါ ပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၂။ (က) စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါ ပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၃။ စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ပုဒ်မ ၆၇ နှင့် ၆၈ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၅)

## အထွေထွေ

၇၄။ ပုဒ်မ ၅၃ အရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်သည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းကို ပိတ်ပင်ခြင်း မရှိစေရ။

၇၅။ ပုဒ်မ ၅၃ အရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်းခံရသူသည် ယင်းအမိန့်ကို လိုက်နာမှုမရှိပါက ဦးစီးဌာနသည် ၎င်းအပေါ် ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်သည်။

၇၆။ ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရစေကာမူ နစ်နာဆုံးရှုံးသည့် စားသုံးသူက ယင်းနစ်နာဆုံးရှုံးမှုများအတွက် ထိုသူကို တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၇၇။ အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။ သို့ရာတွင် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြေရှင်းဆုံးဖြတ်ခွင့် မရှိစေရ။

၇၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်၊ ကော်မတီအဖွဲ့ဝင် သို့မဟုတ် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ်တွင် ယင်းအဖွဲ့ဝင်တို့ကို ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၀။ ဦးစီးဌာနသည် ကော်မရှင်၊ ကော်မတီနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ရုံးလုပ်ငန်း ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ တာဝန်ယူရမည်။

၈၁။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။) အရ ဖွဲ့စည်းထားသော စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းမည့် ကော်မရှင်ဖွဲ့စည်းပြီးသည်အထိ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရမည်။

၈၂။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။) အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၈၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မရှင်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၄။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

## ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"15. "Imprisonment for life" means imprisonment passed on a convicted person to serve in the prison until death."

၃။ ရာဇသတ်ကြီး ပုဒ်မ ၅၃ ၌ ပယ်ဖျက်ထားသော ဒုတိယတွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"Secondly . -- Imprisonment for life;"

၄။ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

Punishments For rape.

"376. (1) Whoever commits rape except the offences of rape contained in sub-sections (2) and (3), shall be punished with imprisonment for a term of twenty years, or with imprisonment of either description for a term which may extend to ten years, and shall also be liable to fine.

(2) Whoever commits rape against a woman who is his own wife and is not under twelve years of age, shall be punished with imprisonment of either description for a term which may extend to two years, or with fine, or with both.

(3) Whoever commits rape against a woman who is under twelve years of age shall be punished with imprisonment for life, or with imprisonment for a term of twenty years."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၈/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ပုဏ္ဏားကျွန်းမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးသိန်းမောင် (တ/၂၈၂၀) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၉/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာနှင့် ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးအောင်သူဟိန်း<br>တ/၃၀၇၇ | ပန်းတနော်<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဦးမင်းမောင်မောင်<br>တ/၃၁၁၀ | မင်းပြား<br>ရခိုင်ပြည်နယ် |
| ၃။ | ဦးဉာဏ်လင်းထွန်း<br>တ/၃၁၆၃ | ရွှေကူ<br>ကချင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာနှင့် ပထမတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးစိုင်းမျိုးညွန့်ဦး<br>တ/၂၇၀၃ | (မြို့နယ်တရားသူကြီးတာဝန်)<br>ပင်လောင်း<br>ရှမ်းပြည်နယ် |
| ၂။ | ဦးရဲထွဋ်အောင်<br>တ/၃၄၆၉ | (မြို့နယ်တရားသူကြီးတာဝန်)<br>လောက်ကိုင်<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၉/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည် -

(၁) အဖွဲ့ဝင် (၁) နေရာတွင် ဦးရွှေကျော့ **အစား** ဦးကျော်ကျော်

(၂) အဖွဲ့ဝင် (၂) နေရာတွင် ဦးသောင်းဆွေ **အစား** ဦးတင်ဌေး

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၀/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဦးထွေးမို **အစား** ဒေါ်သန်းသန်းငွေး အား စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးအေးမင်း **အစား** ဦးကြည်ငွေး အား စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၂/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်)

### နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ** ကို မှတ်ပုံတင် အမှတ် (၈၆) ဖြင့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်စွဲပါ ကြေညာချက်အမှတ် (၁၆/၂၀၁၅) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုခဲ့ပါသည်။

၂။ **အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ** ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၀၀၉/စီမံ/ အတဖ/၂၀၁၉ ဖြင့် နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခွင့်ပြုပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉) တွင် တင်ပြဆွေးနွေးခဲ့ပြီး **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ** ၁၉ (က) နှင့်အညီ **နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းခွင့်ပြုရန်** ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ** အား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

### ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်သုံးဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် သုံးဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုး တာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | အဖွဲ့ဝင် (၂) | နေရာတွင် | ဦးမောင်ညွန့်စိန် | **အစား** | ဦးအောင်သိန်း |
| (၂) | အဖွဲ့ဝင် (၅) | နေရာတွင် | ဦးစိန်မောင် | **အစား** | ဦးအောင်စံထွန်း |
| (၃) | အဖွဲ့ဝင် (၆) | နေရာတွင် | ဦးမောင်ဖြူ | **အစား** | ဦးဦးဘစိန် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၄/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဒေါ်စိုးစိုးရင် **အစား** ဦးဝွမ်ကြည် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၅/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးအောင်စိုး **အစား** ဦးမြင့်စိုး အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၆/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်သုံးဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် သုံးဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | အဖွဲ့ဝင် (၃) | နေရာတွင် | ဦးစိန်ဝင်း | **အစား** | ဦးမြင့်ဆွေ |
| (၂) | အဖွဲ့ဝင် (၄) | နေရာတွင် | ဒေါ်သိန်းအေး | **အစား** | ဦးတင်အေး |
| (၃) | အဖွဲ့ဝင် (၅) | နေရာတွင် | ဦးတင်အောင်ထွန်း | **အစား** | ဦးရဲငွေ |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄၇/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဒေါ်တင်တင်ဝင်း **အစား** ဒေါ်တင်အောင် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်)

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဉသျှာမြို့သစ်၊ ရပ်ကွက်ကြီး (၂)၊ မြေတိုင်း (၃)၊ မြေကွက်အမှတ် (၄၄၅) ရှိ ဧရိယာ (၀. ၀၅၅) ဧက မြေကွက်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ပဥ္စမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဉသျှာမြို့သစ်၊ ရပ်ကွက်ကြီး (၂)၊ မြေတိုင်း (၃)၊ မြေကွက်အမှတ် (၄၄၅) ရှိ ဧရိယာ (၀. ၀၅၅) ဧက မြေကွက်ကို အမြင့်ဆုံး အဆိုပြုဈေးနှုန်း ကျပ် ၁၂. ၆ သန်းဖြင့် အဆိုပြုသူ ဦးတင်ရွှေ ကို ဝယ်ယူခွင့် ပြုခဲ့ပါသည်။

၂။ ဦးတင်ရွှေ သည် အဆိုပါ မြေကွက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၃. ၇၈ သန်းကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၈. ၈၂ သန်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဦးတင်ရွှေ သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန် ဖြစ်ပါသည်။

၃။ ဦးတင်ရွှေ အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဉသျှာမြို့သစ်၊ ရပ်ကွက်ကြီး (၂)၊ မြေတိုင်း (၃)၊ မြေကွက်အမှတ် (၄၄၅) ရှိ ဧရိယာ (၀. ၀၅၅) ဧက မြေကွက်ကို ဝယ်ယူသူ ဦးတင်ရွှေ ၏ အမည်ပေါက်မြေငရန် ထုတ်ပေးရေးကို ပဲခူးမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

မောင်မောင်ဝင်း၊

တွဲဖက်အတွင်းရေးမှူး၊

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၁၈၅/၂၀၁၉ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) ၏ သဘောတူညီချက်အရ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း အား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ဒုတိယအကြိမ် တစ်နှစ်ဆက်လက် ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၂၁၁/၂၀၁၉ ။ ။ နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ကို အောက်ဖော်ပြပါ အရာထမ်း/အမှုထမ်းများဖြင့် ဖွဲ့စည်းလိုက်သည် -

ဦးအောင်ကျော်ဇံ ဥက္ကဋ္ဌ
ဒုတိယအမြဲတမ်းအတွင်းဝန်

(က) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးအောင်သိမ်းဦး<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၃၄<br>branch. naypyitaw.myanmar@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်စောယုနွယ်<br>ဒုတိယညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၆၅၅<br>sawyunwe.mofa@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးအောင်ဇေယျသိမ်း<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၄၄<br>aungzayathein@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) ဦးစီးဌာနအလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) ဝန်ကြီးဌာန၊ ဝန်ထမ်းများနှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) အဖွဲ့ (၁) ထံသို့ ဆက်လက် သတင်းပေးပို့ခြင်း၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်း တူညီသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**( ခ ) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးကျော်စိုးသိန်း<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၅၈၉<br>soemyr@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်ဇာဇာမင်းသော်<br>ဒုတိယညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၅၃၂<br>zarzarmt@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်မြင့်မြင့်ရီ<br>ရုံးအုပ် | ၀၁-၂၂၁၅၃၁<br>sstdept.mofa@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) (၂) ထံသို့ ဆက်လက်သတင်းပေးပို့ခြင်း၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်း တူညီသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**( ဂ ) ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၁)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်စန္ဒာတင်<br>ညွှန်ကြားရေးမှူး | ၀၁-၂၂၁၅၃၇<br>sandartin@mofa.gov.mm | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်ဆွေမာလှိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၄၉၈<br>swemarhlaing89@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်စမ်းစမ်းဝင်း<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၉၅<br>mofaprotocol 2017@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁) မှ ပေးပို့လာသောကိစ္စရပ်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှု ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံ တင်ပြခြင်း။

**(ဃ) ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၂)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးဇော်နိုင်ဝင်း<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၆၄၅<br>zawwin1965@gmail.com | အဖွဲ့ခေါင်းဆောင် |

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၂) | ဦးတင်ဝင်းအောင် လက်ထောက်ညွှန်ကြားရေးမှူး | ၀၁-၂၁၂၈၄၀ tinwinaungbj@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်သန္တာပပဝင်း ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၅၄ thandapapawin14@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂) မှ ပေးပို့လာသောကိစ္စရပ်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံ တင်ပြခြင်း။

(င) **ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးအောင်ကျော်ဇံ ဒုတိယအမြဲတမ်းအတွင်းဝန် | ၀၆၇-၄၁၂၃၃၅ akzan168@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသက်ဝင်း ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၀၁၂ thetwin.amh@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်နှင်းဆုမြိုင် ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၄၆ hninsumyaing@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။** (၁) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက အဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်ထံသို့ အစီရင်ခံတင်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံစာ ပေးပို့တင်ပြခြင်း၊

(၂) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း၊

(၃) ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဝန်ကြီးဌာနအတွင်းပို့ချသည့် သင်တန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးကို ဘာသာရပ်တစ်ခုအဖြစ်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ခြင်း။

၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှု ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအထက်အဖွဲ့အစည်းများသို့ အကြံပြုတင်ပြခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်မည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ဖွင့်လှစ်ပို့ချမည့်သင်တန်းများ၊ ပညာပေးဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
မြင့်သူ၊ အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ ရာထူးတိုးမြှင့်ရေးနှင့် ရာထူးနေရာခန့်ထားရေး အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူညီချက်အရ သာသနာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရုံး/ဌာနအသီးသီးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံဆောင်ရွက်သည့်နေ့ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကျော်လှိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး | ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး |
| (ခ) | ဦးလှမြင့်<br>ဒုတိယညွှန်ကြားရေးမှူး<br>စာမေးပွဲဌာနခွဲ | ညွှန်ကြားရေးမှူး<br>ရခိုင်ပြည်နယ်သာသနာရေးမှူးရုံး |

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ စာရင်းကိုင်-၁ (၃) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူညီချက်အရ စက်မှုလယ်ယာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်သန်းသန်းဦး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ခ) | ဦးတင်မောင်စိုး | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |
| (ဂ) | ဒေါ်နီလာလှိုင် | စာရင်းကိုင် (၁) | ဦးစီးအရာရှိ (ငွေစာရင်း) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၅၅၀,၀၀၀/-) အဆင့်ရှိ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင် အား ၎င်း၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ (၈၁) အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ ငြင်းပယ်ထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၉)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇော အား ၎င်း၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ (၈၁) အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ ငြင်းပယ်ထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ပုံဆွဲ (၁) (၈) ဦးတို့အား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (ပုံဆွဲ) ရာထူး နေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်ချိုချိုမြင့် | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (ခ) | ဒေါ်အေမီညွန့် | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |
| (ဂ) | ဒေါ်ဆွေဆွေငြိမ်း (ခ) ဆွေဆွေညိန်း | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |
| (ဃ) | ဒေါ်မိသက်မွန် | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |
| (င) | ဒေါ်ချမ်းငြိမ်းအောင် | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |
| (စ) | ဒေါ်ခင်မာကြည် | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |
| (ဆ) | ဒေါ်ယဉ်မျိုးသက် | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |
| (ဇ) | ဒေါ်အေးအေးခိုင် | ပုံဆွဲ (၁) | ဦးစီးအရာရှိ (ပုံဆွဲ) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ဦးစီးမှူး (မြို့ပြ) (၉) ဦးတို့အား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (မြို့ပြ) ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဦးကျော်ကျော် | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |
| (ခ) | ဦးခင်မောင်လွင် | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |
| (ဂ) | ဦးတင်မောင်ဦး | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |
| (ဃ) | ဦးကျော်ဇော | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |
| (င) | ဦးသိန်းစိုး | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |
| (စ) | ဦးသက်ဦးလွင် | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |
| (ဆ) | ဦးဘိုအောင်နိုင် | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |
| (ဇ) | ဦးတင်စိုး | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |
| (စျ) | ဦးခင်မောင်စိုး | ဦးစီးမှူး (မြို့ပြ) | ဦးစီးအရာရှိ (မြို့ပြ) |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

**[ ယခင်အပတ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၂၄၁/၂၀၁၈၊ မြန်မာနိုင်ငံလေယာဉ် နည်းဥပဒေများမှ အဆက် ]**

**လေယာဉ်များပျံသန်းစဉ် လိုက်နာရမည့်စည်းကမ်းချက်များ**

၂၈။ မည်သည့် နိုင်ငံတကာပျံသန်းသည့် လေယာဉ်၊ ခရီးသည်သယ်ဆောင်သည့် လေယာဉ်၊ ကုန်စည် သယ်ဆောင်သည့် လေယာဉ်၊ ချောစာသယ်ဆောင်သည့် လေယာဉ် သို့မဟုတ် ငှားရမ်းသူ သို့မဟုတ် အခြား တစ်ဦးတစ်ယောက်က မောင်းနှင်ရန် ငှားရမ်းသည့် လေယာဉ်မဆို အောက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိလျှင် ပျံသန်းခြင်း မပြုရ -

(က) လေယာဉ်သည် ဝေဟင်တွင်စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ရှိထားပြီး အခန်း (၆) ၏ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်မဟုတ်ပါက ထိုလေယာဉ်မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံ၏ စည်းမျဉ်းများနှင့်အညီ လေကြောင်းကြံ့ခိုင်မှု ရှိသည့်အနေအထားတွင် ထိန်းသိမ်းထားရှိရမည်။

( ခ ) ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကိုထုတ်ပေးခဲ့ရာတွင် အခြေခံသည့် စည်းကမ်း သတ်မှတ်ချက်များကို အပြည့်အဝလိုက်နာရမည်။

( ဂ ) အခန်း (၆) ၏ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ လေယာဉ်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံ၏ စည်းမျဉ်းများအရလည်းကောင်း လေယာဉ်ပေါ်တွင် တင်ဆောင်ထားရန်လိုအပ်သည့် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်နှင့် အခြားအသိအမှတ်ပြုလက်မှတ်များကို တင်ဆောင်ထားရမည်။

(ဃ) လေယာဉ်အတန်းအစား သို့မဟုတ် အမျိုးအစားအတွက် အခန်း (၆) တွင် ပြဋ္ဌာန်းထားသည့် ချိန်ခွက်နှင့် စက်ပစ္စည်းများကို ကောင်းစွာအလုပ်လုပ်နိုင်သည့်အခြေအနေဖြင့် လေယာဉ်တွင် တပ်ဆင်ထားရမည်။

သို့ရာတွင် ဦးစီးဌာနက စာဖြင့်ထုတ်ပြန်သည့် အမိန့်နှင့် အဆိုပါအမိန့်တွင် ဖော်ပြသည့် စည်းကမ်းချက် များနှင့်အညီ မည်သည့်လေယာဉ်ကိုမဆို ဤနည်းဥပဒေ၏ သက်ရောက်မှုမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေအလို့ငှာ၊ လေယာဉ်မောင်းအသင်း သို့မဟုတ် လေယာဉ်မောင်းသင်တန်းကျောင်းမှ သင်ကြားမှု သို့မဟုတ် အခြား ရည်ရွယ်ချက်အတွက် အသင်းဝင် သို့မဟုတ် သင်တန်းသားကို အခကြေးငွေဖြင့် လေယာဉ်ကို အသုံးပြုစေခြင်းကို အခကြေးငွေဖြင့် ငှားရမ်းခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

**လေကြောင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ**

၂၉။ မည်သူမဆို ဦးစီးဌာနက ထုတ်ပြန်သည့် မိမိနှင့်သက်ဆိုင်သော မြန်မာနိုင်ငံမြို့ပြလေကြောင်းဆိုင်ရာ သတ်မှတ်ချက်များ (Myanmar Civil Aviation Requirements) ကို လိုက်နာရမည်။ လေယာဉ်တစ်စီးပေါ်ရှိ လေယာဉ်အမှုထမ်း၊ လေယာဉ်မှူးတိုင်းနှင့် တာဝန်ခံကြီးကြပ်သူတိုင်းသည် လေယာဉ်ပျံသန်းနေသည့် အချိန်တွင်လည်းကောင်း၊ မြေပြင် သို့မဟုတ် ရေပြင်ပေါ်တွင် လှုပ်ရှားသွားလာနေသည့် အချိန်တွင် လည်းကောင်း၊ လေယာဉ်မှူးများက ရှေ့ဘက်နှင့် ဘေးဘက်သို့ ကြည့်ရာတွင် မြင်ကွင်းပိတ်မနေစေရေး အတွက် လေယာဉ်၏ပြတင်းပေါက်၊ လေကာမှန်နှင့် ဘေးမှန်တို့ကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ရမည်။

## အခန်း (၃)

## ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ ယေဘုယျ သတ်မှတ်ချက်များ

**ဘေးအန္တရာယ်ရှိသော ပျံသန်းမှုများ**

၃၀။ ပင်လယ်ပြင်အထက် အမြင့်ပေ (Altitude) နိမ့်နေသည့် အခြေအနေ သို့မဟုတ် လူများနှင့် လူနေအိမ် များနှင့် အနီးကပ်ဆုံးအခြေအနေမျိုးတွင်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် တစ်ဦးဦး သို့မဟုတ် ပစ္စည်းတစ်ခုခုကို မလိုအပ်ဘဲ ဘေးအန္တရာယ်ဖြစ်စေမည့် အခြေအနေမျိုးတွင်သော်လည်းကောင်း မည်သူမျှ လေယာဉ်ပျံသန်းခြင်း မပြုရ။

**မြို့တော် စသည်တို့အပေါ်မှ ပျံသန်းခြင်း**

၃၁။ မည်သည့်လေယာဉ်မှူးမဆို အရေးပေါ်အခြေအနေတွင် မြို့တော်၊ မြို့၊ ကျေးရွာ သို့မဟုတ် အခြားလူဦးရေထူထပ်သည့် နေရာများ၏အပြင်ဘက်တွင် ပင်လယ်ပြင်အထက် အမြင့်ပေ ၁၀၀၀ ထက်လျော့နည်း၍ ပျံသန်းဆင်းသက်သည့် ကိစ္စမှအပ မည်သည့် မြို့တော်၊ မြို့၊ ကျေးရွာ သို့မဟုတ် အခြားလူခြေထူထပ်သည့် နေရာများအပေါ်မှ မည်သည့်လေယာဉ်မောင်းကမဆို ပင်လယ်ပြင်အထက်ပေ ၁၀၀၀ ထက်နိမ့်၍ လေယာဉ်ကို ပျံသန်းခြင်း သို့မဟုတ် လေယာဉ်တာဝန်ခံမှ ပျံသန်းရန် ခွင့်ပြုခြင်း မပြုလုပ်ရ။

သို့ရာတွင် ဤတားမြစ်ချက်သည် လိုင်စင်ရလေယာဉ်ကွင်း သို့မဟုတ် အစိုးရလေယာဉ်ကွင်းတစ်ခုခု၏ ရေမိုင်တစ်မိုင် အကွာအဝေးအတွင်းတွင် သက်ရောက်မှု မရှိစေရ။

**မြေပြင်ရေပြင်အထက် ပျံသန်းခြင်း**

၃၂။ လေယာဉ်မှူးသည် မည်သည့်လေယာဉ်ကိုမဆို မြေပြင် သို့မဟုတ် ရေပြင်အထက် (Surface of the Water) ပေ ၅၀၀ ထက် လျော့နည်း၍ ပျံသန်းခြင်း မပြုရ။ ထို့ပြင် မည်သည့်ကြီးကြပ်သူမျှ ထိုအမြင့်ပေအောက် လျော့နည်း၍ ပျံသန်းစေရန် ခွင့်မပြုရ။

**မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးများသောက်သုံးမှုကို တားမြစ်ခြင်း**

၃၃။ (က) (၁) လေယာဉ်မှူးကြီး၊ လေယာဉ်မှူး၊ လေကြောင်းလမ်းပြ၊ အင်ဂျင်နီယာ၊ လေယာဉ်မောင်၊ လေယာဉ်မယ် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်သည့်လေယာဉ်အဖွဲ့သား သို့မဟုတ် ၎င်းတာဝန်တစ်ခုခုကို ထမ်းဆောင်ရန် လေယာဉ်ပေါ်တွင် လိုက်ပါသော မည်သည့်ပုဂ္ဂိုလ်မဆို လေယာဉ်စတင်မပျံသန်းမီ ၁၂ နာရီအတွင်း သို့မဟုတ် လေယာဉ်ပျံသန်းနေစဉ်အတွင်း မည်သည့်အရက်သေစာ၊ အိပ်ဆေး၊ မူးယစ်ဆေး သို့မဟုတ် စိတ်ကြွဆေးဖြစ်စေ၊ ဖော်စပ်ထားသောဆေးဖြစ်စေ သောက်သုံးခြင်း မပြုရ၊

(၂) အရက်သေစာ၊ အိပ်ဆေး၊ မူးယစ်ဆေး သို့မဟုတ် စိတ်ကြွဆေးဖြစ်စေ ဖော်စပ်ထားသောဆေးဖြစ်စေ သောက်သုံးထားခြင်းကြောင့် အထက်ပါ ပုဂ္ဂိုလ်တစ်ဦးဦး၏ လုပ်ငန်းလုပ်ဆောင်နိုင်ရေးကို ထိခိုက်နှောင့်ယှက်စေနိုင်သည်အထိ မူးယစ်နေခြင်း သို့မဟုတ် အရက်နံ့ရနေခြင်း သို့မဟုတ် ဆီးနှင့် သွေးစစ်ဆေးရာတွင် အရက်ပါဝင်မှု တွေ့ရှိခြင်း မရှိစေရ၊

(၃) အခြားမည်သူမဆို မူးယစ်နေစဉ် လေယာဉ်ပေါ်သို့ ဝင်ရောက်ခြင်း သို့မဟုတ် ရောက်ရှိနေခြင်း မရှိစေရ။

(ခ) မြန်မာနိုင်ငံအတွင်း ပြည်တွင်းလေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသော မည်သည့်လုပ်ငန်းရှင်မဆို ၎င်းလုပ်ငန်း ဆောင်ရွက်သည့် လေယာဉ်များပေါ်တွင် မည်သည့်အရက်သေစာကိုမျှ မရောင်းရ။ လေယာဉ်ဖြင့်လိုက်ပါသည့် မည်သူမဆိုသည်လည်း လေယာဉ်ပေါ်၌ အရက်မသောက်ရ၊

(ဂ) လိုင်စင်ကိုင်ဆောင်သူများသည် ၎င်းတို့လိုင်စင်နှင့် အရည်အသွေးစံနှုန်းများ၏ အထူးအခွင့်အရေးများကို ဘေးကင်းစွာနှင့် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း မပြုနိုင်စေမည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးတစ်မျိုးမျိုး၏ သက်ရောက်မှုအောက်တွင် ရှိနေစဉ် ၎င်းတို့လိုင်စင်နှင့် အရည်အသွေးစံနှုန်းများ၏ အထူးအခွင့်အရေးများကို မကျင့်သုံးရ၊

(ဃ) လိုင်စင်ကိုင်ဆောင်ထားသူ မည်သူမဆို စွမ်းဆောင်ရည်ကို ထိခိုက်နိုင်သော စိတ်ကို ပြောင်းလဲစေသောအရာများကို သုံးစွဲခြင်း မပြုရ။

**လေယာဉ်တွင် စိတ်မနှံ့သူ သို့မဟုတ် ဝက်ရူးပြန်ရောဂါရှိသူကို သယ်ဆောင်ခြင်း**

၃၄။ မည်သည့်လေယာဉ်ဖြင့်မဆို စိတ်မနှံ့သူ သို့မဟုတ် ဝက်ရူးပြန်ရောဂါရှိသူကို သိလျက်ဖြင့်ဖြစ်စေ သို့မဟုတ် မသိကျေးကျွန်ပြုလျက်ဖြင့်ဖြစ်စေ သယ်ဆောင်ခြင်း မပြုရ။

သို့ရာတွင် ဤတားမြစ်ချက်သည် အသိအမှတ်ပြုလက်မှတ်ရ ဆရာဝန်က လေယာဉ်ကိုဖြစ်စေ၊ အခြား ခရီးသည်များကိုဖြစ်စေ တစ်စုံတစ်ရာအန္တရာယ်မပြုနိုင်ဟု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသောသူ တစ်ဦးတစ်ယောက်ကို သယ်ဆောင်ခြင်းအား တားမြစ်ခြင်း မပြုရ။ ထို့အပြင် အောက်ပါသူများနှင့်လည်း မသက်ဆိုင်စေရ -

(က) လေကြောင်းခရီးစဉ် မတိုင်မီ ၁၂ နာရီအတွင်း အရက် သို့မဟုတ် သုံးစွဲရန်အသင့်ဖော်စပ်ထားသော မူးယစ်ဆေးဝါးများ သောက်စားထားခြင်း မရှိသူ သို့မဟုတ် အသုံးပြုထားခြင်း မရှိသူ၊

(ခ) လေကြောင်းခရီးစဉ်အတွင်းနှင့် ခရီးအဆုံးထိ အကယ်၍ စိတ်လှုပ်ရှားသော အခြေအနေမျိုးတွင် သင့်တင့်လျော်ကန်သော စိတ်ငြိမ်ဆေးဖြင့် ထိန်းသိမ်းထားနိုင်သောသူ၊

(ဂ) အဖော်တစ်ယောက်အတူ လိုက်ပါပြီး အကယ်၍ လေကြောင်းခရီးစဉ်မတိုင်မီ ရက်သတ္တပတ် ၂ ပတ်အတွင်း စိတ်ငြိမ်ဆေးသုံးစွဲထားရန် လိုအပ်ခဲ့လျှင်၊ အသိအမှတ်ပြုဆေးပညာကျွမ်းကျင်သူနှင့် အတူ လိုက်ပါလျက် ၎င်းကို အရက် သို့မဟုတ် သုံးစွဲရန်အသင့်ဖော်စပ်ထားသော မူးယစ်ဆေးဝါးများ သောက်သုံးထားခြင်းမရှိအောင် သေချာစေပြီး ခရီးစဉ်အတွင်းနှင့် ခရီးစဉ်အဆုံးထိ စိတ်ငြိမ်ဆေးဖြင့် ထိန်းသိမ်းထားနိုင်သောသူ။

**လေယာဉ်တွင် အကျဉ်းသားများကို သယ်ဆောင်ခြင်း**

၃၅။ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိတစ်ဦးဦးကဖြစ်စေ အခြေအနေတစ်ရပ်ရပ်ပေါ်မူတည်ပြီး စာဖြင့်ခွင့်ပြုချက်တွင် စည်းကမ်းချက်များ သတ်မှတ်၍ သယ်ဆောင်ခွင့်ပြုသော အကျဉ်းသားမှအပ မည်သည့်အကျဉ်းသားကိုမျှ လေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် လေယာဉ်ဖြင့် သယ်ဆောင်သွားခြင်း မပြုရ။

**လေယာဉ်တွင် တိရစ္ဆာန်၊ ငှက်နှင့် တွားသွားသတ္တဝါများကို သယ်ဆောင်ခြင်း**

၃၆။ ညွှန်ကြားရေးမှူးချုပ်က အခြေအနေတစ်ရပ်ရပ်အပေါ်မူတည်ပြီး စာဖြင့်ခွင့်ပြုချက်တွင် စည်းကမ်းချက်များ သတ်မှတ်၍ သယ်ဆောင်ခွင့်ပြုသောတိရစ္ဆာန်၊ ငှက်နှင့် တွားသွားသတ္တဝါများမှအပ မည်သည့်တိရစ္ဆာန်၊ ငှက်နှင့် တွားသွားသတ္တဝါများကို မြန်မာနိုင်ငံအတွင်းနှင့် မြန်မာနိုင်ငံမှ ထွက်ခွာသည့် လေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် လေယာဉ်ဖြင့် သယ်ဆောင်သွားခြင်း မပြုရ။

**လေယာဉ်ပေါ်တွင် ဆေးလိပ်သောက်ခြင်း**

၃၇။ (က) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်တိုင်း၏ ပိုင်ရှင် သို့မဟုတ် လေယာဉ်လုပ်ငန်း ဆောင်ရွက်သူနှင့် လေယာဉ်မှူးကြီးတို့သည် လေယာဉ်ပေါ်တွင် ဆေးလိပ်မသောက်ရဟု တားမြစ်သည့်သတိပေးချက်ကို လေယာဉ်ပေါ်၌ ထင်ရှားမြင်သာသည့်နေရာတွင် ပြသထားရမည်။

(ခ) မည်သူမျှ လေယာဉ်၏နေရာတစ်ခုခုတွင်ဖြစ်စေ၊ လေယာဉ်အနီးအနားဖြစ်စေ စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးတံ သို့မဟုတ် အလားတူကိရိယာတစ်ခုခုအပါအဝင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့်ဆေးလိပ်ကို ကိုင်ဆောင်ထားခြင်း မပြုရ။

**လေယာဉ်ကို ဆီဖြည့်ခြင်း**

၃၈။ (က) မည်သည့်လေယာဉ်မဆို ၎င်း၏ဆီတိုင်ကီများသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အသိအမှတ်ပြုထားသော အထူးတည်ဆောက်ထားသည့် ဆီသယ်ယာဉ်များ သို့မဟုတ် ဝမ်းပြားရေယာဉ်တို့မှလွဲ၍ လေယာဉ်ဆီကို အလုံးအခဲလိုက် သယ်ဆောင်သည့် အခြားယာဉ် သို့မဟုတ် ရေယာဉ်များထံမှ ဆီထည့်ခြင်း သို့မဟုတ် ဖြည့်တင်းခြင်း မပြုလုပ်ရ။

(ခ) လေယာဉ်ကိုဆီဖြည့်ခြင်း၊ ဆီတိုင်ကီမှ ဆီဖောက်ထုတ်ခြင်း စသည့် ဆီဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါသတိပြုရန်အချက်များကို လိုက်နာရမည် -

(၁) လေယာဉ်ဆီဖြည့်ခြင်းကို အဆောက်အဦပြင်ပနှင့် အဆောက်အဦမှ အနည်းဆုံး ၁၅ မီတာ အကွာတွင် ဆောင်ရွက်ရမည်။

(၂) ဆေးလိပ်မသောက်ရ သတိပေးအမှတ်အသားကို သိသာထင်ရှားစွာ ဖော်ပြထားရမည်။

(၃) ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးတောက်စေသော သို့မဟုတ် မီးပွားထွက်စေသော ပစ္စည်းတစ်မျိုးမျိုး သို့မဟုတ် လောင်ကျွမ်းလွယ်သည့် အခိုးအငွေ့များကို တောက်လောင်စေနိုင်သည့် အခြားမီး သို့မဟုတ် အပူရှိန် သို့မဟုတ် အလင်းရောင်ထုတ်လွှတ်နိုင်သည့် အရာများသည် လေယာဉ် သို့မဟုတ် ဆီဖြည့်ပေးသည့်ကိရိယာများနှင့် မီတာ ၃၀ အကွာအဝေးအတွင်းမရှိစေရ။

(၄) လေယာဉ်အင်ဂျင်ကို မနိုးရ၊ မဖွင့်ရ၊ လေယာဉ်စက်နှိုးခလုတ်ကို ပိတ်သည့်အနေအထားတွင် ထားရှိရမည်။

(၅) လေယာဉ်၏ရေဒါ၊ ရေဒီယိုစနစ်ကို မဖွင့်ရ၊ ယင်းနှင့်ဆက်စပ်သည့် ခလုတ်များကို ပိတ်သည့် အနေအထားတွင် ထားရှိရမည်။

ခြွင်းချက်အဖြစ် ဖော်ပြပါကန့်သတ်ချက်များသည် အောက်ပါလျှပ်စီးပတ်လမ်းများကို ထိန်းချုပ်သည့် လျှပ်စစ်ခလုတ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(ကက) ဆီဖြည့်ရန်လိုအပ်သည့် စက်စွမ်းအားနှင့် အလင်းရောင်၊

(ခခ) လေယာဉ်အတွင်းခန်းအတွက် လိုအပ်သော အနည်းဆုံးအလင်းရောင်ပမာဏ၊

(ဂဂ) လေယာဉ်၏ရပ်နားမီး၊ အဆိုပါ လျှပ်စစ်ခလုတ်များကို ဆီဖြည့်နေစဉ်အတွင်း မူလအတိုင်း ထားရှိရမည်။

(၆) မြေပြင်မှလျှပ်စစ်ပေးစနစ်၊ လေအေးပေးစနစ်၊ ဆွဲကားနှင့် အလားတူကိရိယာများ အသုံးပြုခြင်းကို အောက်ဖော်ပြပါ အခြေအနေများလိုက်နာစေလျက် ခွင့်ပြုပေးနိုင်သည် -

(ကက) အန္တရာယ်သတိပေး ဇရိယာအမှတ်အသားကြိုးများ သုံးစွဲခြင်း၊

(ခခ) အဆိုပါ ကိရိယာများကို “အန္တရာယ်ဇုန်” ဖြစ်သော လေယာဉ်ပျံတောင်ပံများနှင့် ဆီဖြည့်ပေးသည့်ကိရိယာများမှ ၃ မီတာအကွာအဝေးရှိအမှတ်များကို ဆက်သွယ်ခြင်းဖြင့် ဖြစ်ပေါ်လာသည့် အကြီးဆုံးဇရိယာဟု မှတ်ယူရမည့် ပြင်ပတွင်ထားရှိခြင်း၊

(ဂဂ) အသုံးပြုမည့်စနစ်နှင့် ဆက်စပ်လျှပ်စစ်ပစ္စည်းများသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အသိအမှတ်ပြုထားသော မီးလောင်ဒဏ်ခံနိုင်သောအမျိုးအစားဖြစ်ရမည် သို့မဟုတ် အဆိုပါ ပစ္စည်းများကို လေယာဉ်နှင့် ဆီဖြည့်ယာဉ်များမှ ဓာတ်ဆီ သို့မဟုတ် လောင်ကျွမ်းလွယ် လောင်စာဖြစ်လျှင် ၁၅ မီတာထက် မနည်းသော အကွာအဝေးတွင်လည်းကောင်း၊ အဆင့်မြင့်ရေနံဆီဖြစ်လျှင် ၆ မီတာထက် မနည်းသောအကွာအဝေးတွင်လည်းကောင်း ထားရှိခြင်း၊

(ဃဃ) အဆိုပါ ကိရိယာများကို ဆီဖြည့်နေစဉ် ဖွင့်ခြင်း သို့မဟုတ် ပိတ်ခြင်းတို့ကိုဆောင်ရွက်ရခြင်း။

(၇) လေယာဉ်၊ ၎င်း၏ ဆီတိုင်ကီများနှင့် ဆီဖြည့်ပေးသည့် စက်ကိရိယာ၏သတ္တုအစိတ်အပိုင်းအားလုံးကို လျှပ်စီးများဖြင့် ဆက်သွယ်ပြီး မြေစိုက်ကြိုးကို စနစ်တကျ ချထားရမည်။

(၈) လေကြောင်းလိုင်းဝန်ထမ်း၊ ဆီဖြည့်ဝန်ထမ်း၊ ဦးစီးဌာန၊ အကောက်ခွန်နှင့် ရဲအရာရှိများမှ အပ မည်သူတစ်ဦးတစ်ယောက်မျှ လေယာဉ်နှင့် ၁၅ မီတာအကွာအတွင်း မရှိစေရ။

(၉) ခရီးသည်သယ်ဆောင်သည့် လေယာဉ်ကို ဆီဖြည့်နေစဉ်အတွင်း အောက်ပါအချက်များနှင့် ညီညွတ်ပါက ခရီးသည်များအတက်၊ အဆင်းပြုလုပ်ခြင်း သို့မဟုတ် လေယာဉ်၏ခရီးသည် အခန်းအတွင်း နေခွင့်ပြုနိုင်သည် -

(ကက) လေယာဉ်မောင် သို့မဟုတ် လေယာဉ်မယ်တစ်ဦးအား လေယာဉ်ခရီးသည်ခန်းအတွင်း တာဝန်ချထားရမည်။ အဆိုပါ လေယာဉ်မောင် သို့မဟုတ် လေယာဉ်မယ်သည် လေယာဉ်ခရီးသည်အခန်းအတွင်း ဆေးလိပ်မသောက်ရန်နှင့် အခြားမီးလောင်မှု ဖြစ်ပွားစေသောအရာများကို ခွင့်မပြုရန် ကြီးကြပ်ရမည်။ မီးလောင်မှုဖြစ်ပွားခဲ့လျှင် ခရီးသည်များကို ဖယ်ထုတ်ပေးနိုင်ရေးအတွက် ကူညီရမည်။

(ခ ခ) ခရီးသည်အတင်အချလှေကားကို လေယာဉ်၏ ခရီးသည်ထွက်ပေါက်နှင့် မှန်ကန်စွာ နေရာချထားရန်နှင့် ခရီးသည်များ ထွက်ပေါက်တစ်ခုတည်းမှ ထွက်ခွာရန် ကြိုးစားခဲ့ပါက လေယာဉ်၏မျှခြေအား ထိန်းသိမ်းထားရန် လုံလောက်သော အစီအမံများ ထားရှိရမည်။

(ဂ ဂ) ရေပေါ်တွင် အတက်အဆင်းပြုလုပ်နိုင်သော လေယာဉ်ဖြစ်ပါက အရေးပေါ် အခြေအနေတွင် ခရီးသည်များ ဆင်းနိုင်ရန်အတွက် သင့်လျော်သည့် ရေကြောင်း သယ်ယူပို့ဆောင်ရေးယာဉ်များကို အဆိုပါ လေယာဉ်၏ ထွက်ပေါက်တွင် ထားရှိရမည်။

(၁၀) မီးလောင်မှုဖြစ်ပွားစေသည့် အကြောင်းရင်းကို လျှော့ချနိုင်သည့် လုံလောက်သည့် အစီအမံ မရှိပါက လေယာဉ်ဆီဖြည့်နေစဉ်အတွင်း လေယာဉ်ပတ်ဝန်းကျင်နှင့် လေယာဉ်အတွင်း ကုန်စည်နှင့် ခရီးဆောင်အိတ်များကို အတင်အချ မပြုလုပ်ရ။

(၁၁) လေယာဉ်ဆီဖြည့်နေစဉ်အတွင်း ဆီငွေ့အား မီးလောင်မှုဖြစ်စေသော အရင်းအမြစ် ဖြစ်စေသည့် လေယာဉ်ပြုပြင်ထိန်းသိမ်းမှုများကိုဆောင်ရွက်ခြင်း မပြုရ။

(၁၂) ဦးစီးဌာနက အသိအမှတ်ပြုအမျိုးအစားနှင့် လုံလောက်သော အရေအတွက်ရှိသည့် မီးသတ် ဆေးဘူးများကို ချက်ချင်းအသုံးပြုနိုင်ရန် လေယာဉ်အနီးတွင် ထားရှိရမည်။

(၁၃) လေယာဉ်ဆီဖိတ်စဉ်ခြင်းဖြစ်ပေါ်ပါက ဆီဖြည့်ခြင်းကို ရပ်ဆိုင်းရန်နှင့် မြေပြင်မှ လျှပ်စစ် ပေးစနစ်အား ရပ်ဆိုင်းရန်၊ သို့ရာတွင် ထိုသို့ မြေပြင်မှ လျှပ်စစ်ပေးစနစ်အား ရပ်ဆိုင်းရန် မှအပ လျှပ်စီးပတ်လမ်းနှင့် လျှပ်စစ်ခလုတ်များကို မထိမကိုင်ရ။ ဆီဖြည့်ခြင်းကို ပြန်လည် မစမီ ဖိတ်စဉ်ထားသော လေယာဉ်ဆီများကို ရှင်းလင်းရမည်။ ဖိတ်စဉ်လေယာဉ်ဆီများကို ရေဆိုးပိုက်နှင့် မြောင်းများအတွင်းသို့ စွန့်ပစ်ခြင်း မပြုရ။

(၁၄) လှုပ်ရှားသွားလာနေသော အခြားဂျက်လေယာဉ်၏ ဂျက်အင်ဂျင်အပူလှိုင်းများ ဆီဖြည့် နေသောလေယာဉ်မှ ၄၃ မီတာအတွင်း ရောက်ရှိလာသည့် အနေအထားဖြစ်ပါက လေယာဉ်ဆီ ဖြည့်ခြင်းကို ရပ်ဆိုင်းရမည်။

***ရှင်းလင်းချက်။*** နည်းဥပဒေ ၃၈၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် (၆) ပါ ပြဋ္ဌာန်းချက်သည် လေယာဉ်ကိုဆီဖြည့်ရန် အရန်လျှပ်စစ် အထောက်အပံ့အဖြစ် အသုံးပြုသော မြေပြင်သုံး ဘက်ထရီကို ဆီဖြည့်နေစဉ် အတွင်း ဖြုတ်ခြင်း၊ တပ်ခြင်း မရှိစေဘဲ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

## လေယာဉ်၏ သတ်မှတ်ထားသည့် နေရာမဟုတ်သော နေရာများတွင် လူများသယ်ဆောင်ခြင်း

၃၉။ လေယာဉ်၏အတောင်ပံများ သို့မဟုတ် ဘီးအုံများတွင်လည်းကောင်း၊ လူ သို့မဟုတ် ခရီးသည်များ စီးနင်းရန်အတွက် မရည်ရွယ်သည့် လေယာဉ်အစိတ်အပိုင်းတစ်ခုခုအပေါ် သို့မဟုတ် အတွင်းတွင် လည်းကောင်း၊ လေယာဉ်၏အပြင်ဘက်တွင် တပ်ဆင်ထားသည့် မည်သည့်အရာအပေါ် သို့မဟုတ် အတွင်းတွင် လည်းကောင်း မည်သူကိုမျှ မည်သည့်အချိန်တွင်မဆို တင်ဆောင်၍ မသယ်ရ။

သို့ရာတွင် -

(က) ဤနည်းဥပဒေပါ မည်သည့်သတ်မှတ်ချက်ကမဆို လူတစ်ဦးတစ်ယောက်က အောက်ပါအတိုင်း ခေတ္တဝင်ရောက်ခြင်းကို တားမြစ်ခြင်း မရှိစေရ -

(၁) လေယာဉ် သို့မဟုတ် လေယာဉ်တွင် သယ်ဆောင်သည့် လူနှင့် ကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းမှုအတွက် တစ်ခုခုဆောင်ရွက်ရန်သော်လည်းကောင်း၊ လေယာဉ်ကို ပြင်ဆင်မှုများ ဆောင်ရွက်ရန် သို့မဟုတ် လေယာဉ်၏စက်ပစ္စည်းများကို ချိန်ညှိရန်အတွက် သော်လည်းကောင်း လေယာဉ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို ဝင်ရောက်ခြင်း၊

(၂) ကုန်ပစ္စည်းများ လေယာဉ်ပေါ်တွင် နေရာတကျထားရှိရေး၊ ထားသိုရေးအတွက် လေယာဉ် ပေါ်ရှိ မည်သည့်နေရာကိုမဆို ဝင်ရောက်ခြင်း။

(ခ) ညွှန်ကြားရေးမှူးချုပ်က စာဖြင့် ခွင့်ပြုချက်တွင်ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ လူတစ်ဦး တစ်ယောက်ကို လေယာဉ်ပေါ်တွင်ဖြစ်စေ၊ လေယာဉ်အစိတ်အပိုင်းတစ်ခုခုတွင်ဖြစ်စေ၊ လေယာဉ်တွင် တပ်ဆင်ထားသည့် မည်သည့်အရာ၏အပေါ်တွင်ဖြစ်စေ၊ အတွင်းတွင်ဖြစ်စေ သယ်ဆောင်ခြင်း။

**လေယာဉ်ကို ထိန်းချုပ်မောင်းနှင်သော ၁၇ နှစ်အောက် အသက်အရွယ်ရှိသူများအား တားမြစ်ခြင်း**

၄၀။ လှုပ်ရှားသွားလာနေသည့် လေယာဉ်ကို ၁၇ နှစ်အောက် အသက်အရွယ်ရှိသည့် မည်သူမဆို လေယာဉ်ကို တစ်ဦးတည်း ထိန်းချုပ်မောင်းနှင်ခြင်း မရှိစေရ။ လူတစ်ဦးတစ်ယောက်သည် အသက် ၁၇ နှစ် ပြည့်ပြီးကြောင်းကို သိနေခြင်း သို့မဟုတ် ယုံကြည်ရန် ယုတ္တိတန်သောအကြောင်းရှိနေခြင်းမှလွဲ၍ မည်သူမျှ ထိုသူကို လေယာဉ်ကို တစ်ဦးတည်း ထိန်းချုပ်စေခြင်း သို့မဟုတ် ထိန်းချုပ်ရန်ခွင့်ပြုခြင်း မပြုလုပ်ရ။

**လေယာဉ်မှူးအတွက် အများဆုံးအသက် ကန့်သတ်ချက်**

၄၁။ (က) အသက် ၆၅ နှစ်ပြည့်မီပြီးသော လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်ထားသူ မည်သူမဆို စီးပွားရေး အတွက် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း (Commercial Air Transport) တွင် လေယာဉ်မှူးကြီးအဖြစ်ဖြစ်စေ၊ တွဲဖက်လေယာဉ်မှူးအဖြစ်ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။

(ခ) ဘက်စုံလေယာဉ်မှူး (Multi-Crew) အဖြစ် ဆောင်ရွက်ခြင်းမဟုတ်သည့်အပြင် အခြား လေယာဉ်မှူးများက အသက် ၆၅ နှစ်ထက် ငယ်နေခြင်း မဟုတ်လျှင် ဤနည်းဥပဒေများအရ ထုတ်ပေးသော စီးပွားရေးအတွက် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် လေယာဉ်မှူး လိုင်စင် ကိုင်ဆောင်ထားပြီး အသက် ၆၀ နှစ် ပြည့်ပြီးသူ မည်သူမဆို လေယာဉ်မှူးကြီးအဖြစ် ဖြစ်စေ၊ တွဲဖက်လေယာဉ်မှူးအဖြစ်ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။

**လေယာဉ်များ၏ ဘေးကင်းမှုကို ထိခိုက်စေမည့် လုပ်ရပ်များ**

၄၂။ မည်သူမျှ လေယာဉ်မှူးကိုဖြစ်စေ၊ လေယာဉ်အမှုထမ်းများကိုဖြစ်စေ ၎င်းတို့၏လုပ်ငန်းကို စွက်ဖက် နှောင့်ယှက်ခြင်းသော်လည်းကောင်း၊ လေယာဉ် သို့မဟုတ် လေယာဉ်၏ စက်ပစ္စည်းကိရိယာများကို တစ်မျိုးတစ်မည်ဖြစ်အောင် ပြုမူခြင်း သို့မဟုတ် လေယာဉ်ပေါ်တွင် စည်းကမ်းမဲ့စွာ ပြုမူခြင်းသော် လည်းကောင်း၊ လေယာဉ် သို့မဟုတ် လေယာဉ်ပါခရီးသည်များ သို့မဟုတ် လေယာဉ်အမှုထမ်းများ၏ ဘေးကင်းမှုကို ထိခိုက်စေမည့် ပြုမူခြင်းများကိုသော်လည်းကောင်း မပြုလုပ်ရ။

**အသံပေါက်ကွဲမှုဖြစ်စေသော မြို့ပြလေယာဉ်ပျံသန်းမှုကို တားမြစ်ခြင်း**

၄၃။ မည်သည့်မြို့ပြလေယာဉ်ကို မောင်းနှင်သူမျှ မြန်မာနိုင်ငံ၏ နယ်နိမိတ်အပေါ်တွင် အသံဆူညံမှု ဖြစ်နိုင်သော သို့မဟုတ် ဖြစ်ပွားစေနိုင်သော အသံ၏မြန်နှုန်းထက်ပို၍ မြန်သည့်နှုန်းဖြင့် မြန်မာနိုင်ငံ၏ နယ်နိမိတ်လေပိုင်နက်တွင် မောင်းနှင်ခြင်း မပြုရ။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေအလို့ငှာ **မြန်မာနိုင်ငံ၏နယ်နိမိတ်** ဆိုရာတွင် မြန်မာနိုင်ငံ၏ မြေပြင်၊ ပင်လယ်ပြင်နှင့် ဝေဟင်တို့ ပါဝင်သည်။

**လေယာဉ်ပေါ်တွင် အီလက်ထရောနစ်ပစ္စည်း သုံးစွဲမှုကို တားမြစ်ခြင်း**

၄၄။ မည်သူမျှ လေယာဉ်၏ လေကြောင်းပျံသန်းမှု သို့မဟုတ် လေကြောင်းဆက်သွယ်ရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေသည့် လက်ကိုင်ဖုန်းစသည့် အီလက်ထရောနစ်ပစ္စည်းကိရိယာကို လေယာဉ်ပျံသန်းစဉ် လေယာဉ်ပေါ်တွင် အသုံးမပြုရ။ ထိုသို့ အသုံးပြုရန် မည်သည့်လုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် လေယာဉ်မှူးကြီးကိုမျှ ခွင့်မပြုရ။

သို့ရာတွင် ဤနည်းဥပဒေသည် လုပ်ငန်းဆောင်ရွက်သူက အသံသွင်းကိရိယာ၊ နားကြပ်၊ နှလုံးအကူစက် (heart pace maker)၊ မုတ်ဆိတ်ရိတ်စက် သို့မဟုတ် အခြားအီလက်ထရောနစ်ပစ္စည်းမှာ လေကြောင်းပျံသန်းမှု သို့မဟုတ် လေကြောင်းဆက်သွယ်ရေးစနစ်ကို အနှောင့်အယှက်မဖြစ်ဟု ထင်မြင်သည့်အပြင် ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်လည်း ရရှိထားလျှင် ထိုပစ္စည်းများအသုံးပြုခြင်းနှင့် မသက်ဆိုင်စေရ။

**ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲများ အကောင်အထည်ဖော်ခြင်း**

၄၅။ ဦးစီးဌာနသည် -

(က) လိုအပ်သောစံချိန်စံညွှန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ကွန်ဗင်းရှင်းနှင့် ပြင်ဆင်ထားသည့် ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဉပဒေနှင့်အညီ ရေးဆွဲထုတ်ပြန်နိုင်သည်။

(ခ) ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ ပေါင်းစည်းထားသည့် နိုင်ငံတော်အဆင့် လေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

**ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်**

၄၆။ (က) လေကြောင်းလိုင်းများ၊ လေယာဉ်ကွင်းများ၊ လေကြောင်းထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ လေယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ လေကြောင်းဆိုင်ရာ ထုတ်ကုန်ဒီဇိုင်းနှင့် ထုတ်လုပ်ခြင်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းတိုင်းသည် -

(၁) ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်ကို တည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းပြုရမည်။

(၂) ဦးစီးဌာနမှ သတ်မှတ်ထားသော ပုံစံနှင့် နည်းလမ်းများ ပါဝင်သည့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်လက်စွဲစာအုပ်ကို ပြုစုပြီး အတည်ပြုချက်ရရှိရေးအတွက် ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းက အထွေထွေ သို့မဟုတ် အထူးအမိန့်စာဖြင့် အခွင့်အာဏာလွှဲအပ်ထားသည့် အခြားအရာရှိကဖြစ်စေ မည်သည့်သင့်တော်သည့်အချိန်တွင်မဆို ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲသည့်စနစ်ကို စစ်ဆေးကြည့်ရှုနိုင်သည်။ ထို့ပြင် အဆိုပါစစ်ဆေးကြည့်ရှုရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းသည် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခွင့်အာဏာလွှဲအပ်ထားသူနှင့် ပူးပေါင်းကူညီဆောင်ရွက်ရမည်။

## အခန်း (၄)

## လေယာဉ်များမှတ်ပုံတင်ခြင်းနှင့် အမှတ်အသားပြုလုပ်ခြင်း

**လေယာဉ်မှတ်ပုံတင်လက်မှတ်**

၄၇။ (က) မြန်မာနိုင်ငံတွင် လေယာဉ်များမှတ်ပုံတင်ရန်နှင့် မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်သည့် အခွင့်အာဏာကို ညွှန်ကြားရေးမှူးချုပ်အား အပ်နှင်းထားသည်။

(ခ) မြန်မာနိုင်ငံတွင် လေယာဉ်တစ်စီးကို အောက်ဖော်ပြပါ အတန်းအစားတစ်မျိုးမျိုးတွင် မှတ်ပုံတင်နိုင်သည် -

(၁) အတန်းအစား “က” အောက်ပါအချက်များနှင့် ကိုက်ညီသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက လေယာဉ်ကို ရာနှုန်းပြည့် (Wholly Owned) ပိုင်ဆိုင်ခဲ့လျှင် -

(ကက) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းကလည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများကလည်းကောင်း ကြီးကြပ်မှုအောက်ရှိ အဖွဲ့အစည်းများ သို့မဟုတ်

(ခခ) မြန်မာနိုင်ငံသားများ သို့မဟုတ်

(ဂဂ) ပြည်ထောင်စုအစိုးရအဖွဲ့ကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုကလည်းကောင်း၊ မည်သည့်ဒေသဆိုင်ရာ အာဏာပိုင်ကလည်းကောင်း၊ မြန်မာနိုင်ငံသားများကလည်းကောင်း၊ အနည်းဆုံး ၆၅ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်သည့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ တည်ထောင်ထားသည့် ကုမ္ပဏီများ သို့မဟုတ် အခြားအသင်းအဖွဲ့များ။

(၂) အတန်းအစား "ခ" အောက်ပါအချက်များနှင့်ကိုက်ညီသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက လေယာဉ်ကို ရာနှုန်းပြည့် (Wholly Owned) ပိုင်ဆိုင်ခဲ့လျှင် -

(ကက) မြန်မာနိုင်ငံသား မဟုတ်သည့် မြန်မာနိုင်ငံအတွင်း နေထိုင်နေသူများ သို့မဟုတ် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊

(ခခ) အတန်းအစား "က" တွင် မှတ်ပုံတင်ခွင့် မရှိသော်လည်း မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများ သို့မဟုတ် အသင်းအဖွဲ့များ။

(ဂ) နည်းဥပဒေခွဲ (ခ) ပါ သတ်မှတ်ချက်များနှင့် မညီညွတ်သော မည်သည့်လေယာဉ်ဖြစ်စေ၊ အခြားနိုင်ငံတစ်နိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော မည်သည့်လေယာဉ်ဖြစ်စေ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ခွင့်မရှိစေရ။

(ဃ) လေယာဉ်၏ ပိုင်ဆိုင်ခွင့်ကို ဤနည်းဥပဒေခွဲ (ခ) (၁) အရ လေယာဉ်အား အတန်းအစား "က" အတွက် မှတ်ပုံတင်ခွင့်ရှိသော ကုမ္ပဏီများ သို့မဟုတ် အသင်းအဖွဲ့များသို့ ငှားရမ်းခြင်းနှင့် ကြီးကြပ်ထိန်းချုပ်မှုကို လွှဲပြောင်းပေးခြင်းဖြစ်လျှင် အဆိုပါ ကုမ္ပဏီများ သို့မဟုတ် အသင်းအဖွဲ့များက ဦးစီးဌာနသို့ မြန်မာနိုင်ငံလေယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားနိုင်သည်။

**လျှောက်ထားခြင်း၏ သဘောသဘာဝ**

၄၈။ (က) လေယာဉ်မှတ်ပုံတင်လက်မှတ်အတွက် လျှောက်လွှာတိုင်းတွင် အောက်ပါတို့ ပူးတွဲပါရှိရမည်-

(၁) လေယာဉ်နှင့်ပတ်သက်၍ လိုအပ်သောအချက်အလက်များ၊

(၂) နည်းဥပဒေ ၅၂ အရ သတ်မှတ်ထားသည့် အခကြေးငွေ၊

(၃) ပြည်ပလေကြောင်းမှ တင်သွင်းလာသည့် လေယာဉ်များအတွက် ကျသင့်သည့် အကောက်ခွန် ဆောင်ပြီးကြောင်းကို အကောက်ခွန်အရာရှိက လက်မှတ်ရေးထိုးထားသည့် အထောက်အထား စာတမ်းအမှတ်အသား၊ ထိုစာတမ်းအမှတ်အသားတွင် တင်သွင်းလာသော လေယာဉ်၏ လေယာဉ်အမျိုးအစားနှင့် လေယာဉ်ထုတ်လုပ်မှုအမှတ်စဉ်နှင့် လေယာဉ်မှတ်ပုံတင်အမှတ် ရှိခဲ့ပါက မှတ်ပုံတင်အမှတ် ဖော်ပြချက်များ။

(ခ) လေယာဉ်မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် ၎င်း၏ လျှောက်ထားချက်တွင်ပါရှိသည့် အချက်အလက်များ မှန်ကန်ကြောင်း သက်သေခံအထောက်အထားတင်ပြရန် လိုအပ်သည်။

**လေကြောင်းဖြင့် တင်သွင်းသောလေယာဉ်**

၄၉။ လေယာဉ်တစ်စီးကို လေကြောင်းမှတင်သွင်းရန်အလို့ငှာ အဆိုပါ လေယာဉ်ကို မြန်မာနိုင်ငံသို့ မတင်သွင်းမီ မှတ်ပုံတင်ပေးရန်အတွက် လျှောက်ထားလာသည့်အခါတွင် လေယာဉ်ပိုင်ရှင်သည် နည်းဥပဒေ ၄၇၊ နည်းဥပဒေခွဲ (ဂ) ပါ ဖော်ပြချက်များနှင့်ကိုက်ညီကြောင်း တင်ပြနိုင်ပါက ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (က) ၏ နည်းဥပဒေခွဲငယ် (၁) နှင့် (၂) တို့ပါ သတ်မှတ်ချက်များကို လိုက်နာစေလျက် ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။ ယင်းယာယီလက်မှတ်သည် ထုတ်ပေးသည့်နေ့မှ အများဆုံး ၃ လထိသာ သက်တမ်းရှိစေရမည်။

ထို့နောက် လေယာဉ်မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြထားသော လေယာဉ်ပိုင်ရှင် သို့မဟုတ် ပိုင်ရှင် ကိုယ်စားက နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) တွင် ဖော်ပြထားသည့် အထောက်အထား စာရွက်စာတမ်းနှင့် ၎င်းယာယီမှတ်ပုံတင်လက်မှတ်ကို တင်ပြသည့်အခါ ညွှန်ကြားရေးမှူးချုပ်က လေယာဉ်မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးမည်။ သို့ရာတွင် ပိုင်ရှင်က ယာယီသက်သေခံလက်မှတ်ကို ဦးစီးဌာနသို့ ချက်ချင်းပြန်အပ်ရမည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

**ပိုင်ရှင် ပြောင်းလဲခြင်း**

၅၀။ (က) မှတ်ပုံတင်ထားသည့် လေယာဉ်တစ်စီး၏ ပိုင်ရှင် ပြောင်းလဲခဲ့လျှင်သော်လည်းကောင်း၊ နည်းဥပဒေ ၄၇ ပါ သတ်မှတ်ချက်များအတိုင်း မှတ်ပုံတင်ထားသည့် လေယာဉ်တစ်စီးကို ပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုက ရာနှုန်းပြည့် (Wholly Owned) ပိုင်ဆိုင်ခြင်းမှ ရပ်စဲသွားခဲ့လျှင်သော်လည်းကောင်း၊

(ခ) မှတ်ပုံတင်ထားသည့် လေယာဉ်ပိုင်ရှင်က ဦးစီးဌာနသို့ လေယာဉ်ပိုင်ရှင်ပြောင်းလဲခြင်း သို့မဟုတ် အထက်ပါအတိုင်း ပိုင်ဆိုင်မှုရပ်စဲသွားခြင်းကို အကြောင်းကြားရမည်ဖြစ်ပြီး၊

(ဂ) မှတ်ပုံတင်ထားမှုနှင့် မှတ်ပုံတင်လက်မှတ်တို့သည် ပိုင်ရှင်ပြောင်းလဲသည့် သို့မဟုတ် အထက်ပါအတိုင်း ပိုင်ဆိုင်မှုရပ်စဲသွားသည့်နေ့တွင် သက်တမ်းကုန်လွန်သွားမည်ဖြစ်သည်။

**လေယာဉ်ပျက်စီးသွားခြင်း သို့မဟုတ် အသုံးပြုခြင်းမှ ရပ်ဆိုင်းခြင်း**

၅၁။ မှတ်ပုံတင်ထားသည့် လေယာဉ်တစ်စီးသည် ပျက်စီးသွားခဲ့လျှင်သော်လည်းကောင်း၊ အသုံးပြုခြင်းမှ အပြီးအပိုင်ရပ်ဆိုင်းခဲ့လျှင်သော်လည်းကောင်း မှတ်ပုံတင်ထားသည့် လေယာဉ်ပိုင်ရှင်သည် ဦးစီးဌာနသို့ အမြန်ဆုံး အကြောင်းကြားရမည်ဖြစ်ပြီး ထိုသို့ အကြောင်းကြားသည့်နေ့တွင် မှတ်ပုံတင်ထားမှုနှင့် မှတ်ပုံတင် လက်မှတ်တို့ သက်တမ်းကုန်ဆုံးသွားရမည်ဖြစ်သည်။

**မှတ်ပုံတင်ကြေး**

၅၂။ လေယာဉ်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေကို ညွှန်ကြားရေးမှူးချုပ်သည် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

**လေယာဉ်မှတ်ပုံတင်မှတ်တမ်း**

၅၃။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်မှတ်ပုံတင်မှတ်တမ်းကို ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိ ရမည်။

**လေယာဉ်မှတ်ပုံတင်အမှတ် အမှတ်အသားပြုလုပ်ရန် နည်းလမ်း**

၅၄။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်ကို လေယာဉ်မှတ်ပုံတင်အမှတ်အသား ပြုလုပ်ရာတွင် ဤနည်းဥပဒေ၏ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်မှု ရှိစေရမည် -

(က) မှတ်ပုံတင်ထားသည့် လေယာဉ်၏နိုင်ငံကို ပြသောအမှတ်အသားအနေဖြင့် ရောမအက္ခရာ "XY" (အရန်အနေဖြင့် XZ) ကို စာလုံးကြီးဖြင့်လည်းကောင်း၊ မှတ်ပုံတင်အမှတ်အသားအနေဖြင့် ဦးစီး ဌာနက သတ်မှတ်ပေးသည့် ရောမအက္ခရာသုံးလုံးတွဲကို စာလုံးကြီးဖြင့်လည်းကောင်း ရေးသား အသုံးပြုရမည်။ အက္ခရာများအား တန်ဆာဆင်ရေးသားခြင်းမပြုရ။ နိုင်ငံအမှတ်အသားနှင့် မှတ်ပုံတင်အမှတ်အသားတို့၏ ကြားတွင် မျဉ်းတိုသင်္ကေတထား၍ ရေးသားရမည်။

(ခ) နိုင်ငံအမှတ်အသားနှင့် မှတ်ပုံတင်အမှတ်အသားကို -

(၁) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ပုံစံနှင့်နည်းလမ်းများအတိုင်း ရေရှည် တည်တံ့ခိုင်မြဲရန် ဆေးခြယ်၍ အမှတ်အသားများကို တပ်ဆင်ထားရမည်။

(၂) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းများအတိုင်း လေယာဉ်ပိုင်ရှင်၏ အမည်အပြည့်အစုံနှင့် နေရပ်လိပ်စာတို့ကို ပိုင်ရှင်ကမ္ပည်းပြားပေါ်တွင် ရေးထိုးထားရမည်။

(၃) အမြဲတစေသန့်ရှင်းပြီး မြင်သာစေရန် ထားရှိရမည်။

**နိုင်ငံအမှတ်အသားကို အသုံးပြုခြင်း**

၅၅။ (က) ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် လိုအပ်၍ လုပ်ဆောင်ခြင်းမှအပ လေယာဉ်၏ မည်သည့်ပြင်ပအစိတ်အပိုင်းတွင်မဆို မည်သည့်ကြော်ငြာ၊ မည်သည့်အမှတ်အသား သို့မဟုတ် စာသားများကို ရေးဆွဲဖော်ပြခြင်း မပြုရ။

(ခ) အကယ်၍ စာသားနှင့်သင်္ကေတတို့၏ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဍာန်နှင့် အရောင်အသွေးတို့သည် လေယာဉ်၏ နိုင်ငံ၊ မှတ်ပုံတင်အမှတ်နှင့် ရောထွေးမှုမရှိခြင်း၊ လွယ်ကူစွာသိသာနိုင်ခြင်းကို အနှောင့်အယှက်မဖြစ်စေပါက လေယာဉ်၏အမည်နှင့် လေယာဉ်ပိုင်ရှင်၏အမည်နှင့် သင်္ကေတအမှတ်တံဆိပ်တို့ကို လေယာဉ်ပေါ်တွင် ဖော်ပြနိုင်သည်။

(ဂ) အစိုးရလေယာဉ်အတွက် သတ်မှတ်ဖော်ပြထားသော မည်သည့်အမှတ်အသားကိုမျှ အစိုးရလေယာဉ်မှတစ်ပါး အခြားမည်သည့်လေယာဉ်တွင်မဆို တပ်ဆင်ခြင်းမပြုရ။

(ဃ) တပ်မတော်လေယာဉ်တွင် အသုံးပြုသည့် အမှတ်အသားများနှင့် မရောထွေးစေသော၊ ကွဲပြားခြားနားမှုရှိစေသော နိုင်ငံတော်အလံ သို့မဟုတ် အရောင်များကို လေယာဉ်ပေါ်တွင် ရေးဆွဲဖော်ပြနိုင်သည်။

## အခန်း (၅)

## အမှုထမ်းလိုင်စင်များ ထုတ်ပေးခြင်း

### လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်

၅၆။ (က) အောက်ဖော်ပြပါ လိုင်စင်နှင့် အရည်အသွေးစံနှုန်းများကို ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်း သို့မဟုတ် ပြောင်းလဲပေးခြင်းတို့ကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်သည် ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး ၎င်းအနေဖြင့် မည်သည့်အကြောင်းအတွက်ကြောင့်မဆို လိုလားအပ်သည်ဟုယူဆပါက လိုင်စင်တစ်ခု သို့မဟုတ် အရည်အသွေးစံနှုန်းတစ်ခု ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးပေးခြင်းကို ဆောင်ရွက်မပေးဘဲ ထားနိုင်သည် -

(၁) လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်၊

(၂) လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာလိုင်စင်၊

(၃) လေကြောင်းထိန်းလိုင်စင်၊

(၄) အရည်အသွေးစံနှုန်း။

(ခ) နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသော သက်တမ်းရှိသည့်လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းမရှိပါက အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လုပ်ငန်းတာဝန်များကို မည်သူမျှဆောင်ရွက်ခွင့် မရှိစေရ။

### လေယာဉ်ပျံသန်းရေးအမှုထမ်းများ တင်ဆောင်ခြင်း

၅၇။ နည်းဥပဒေ ၉၊ ၁၀ နှင့် ၁၁ တို့၏ သတ်မှတ်ချက်များနှင့် ညီညွတ်စေလျက် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်တိုင်းသည် လေယာဉ်နှင့် ပျံသန်းမှုအမျိုးအစားအလိုက် လေယာဉ်ပေါ်တွင် အောက်ပါအချက်များနှင့်ညီညွတ်သော လေယာဉ်ပျံသန်းရေး အမှုထမ်းများကို တင်ဆောင်ရမည် -

**လေယာဉ်မှူး**

(က) **ကိုယ်ပိုင်လေယာဉ်-** ကိုယ်ပိုင်လေယာဉ်တိုင်းကို တရားဝင်လေယာဉ်မှူးလိုင်စင် ကိုင်ဆောင်ထားသူကသာ ပျံသန်းမောင်းနှင်ရမည် -

သို့ရာတွင် -

(၁) အမောင်းသင် လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူက ကိုယ်ပိုင်လေယာဉ်တစ်စီးကို ပျံသန်းမောင်းနှင်ခြင်းမပြုရ။

(၂) ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူက ကိုယ်ပိုင်လေယာဉ်ကို မည်သည့်အခကြေးငွေ သို့မဟုတ် ငှားရမ်းခယူ၍ ပျံသန်းမောင်းနှင်ခြင်းမပြုရ။

(၃) ညအခါတွင် ခရီးသည်များကို တင်ဆောင်လာသည့် ကိုယ်ပိုင်လေယာဉ်ကို ညအခါ ပျံသန်းမှုအတွက် မောင်းနှင်ခွင့်အဆင့် သတ်မှတ်ချက်မပါရှိသော ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူက ပျံသန်းမောင်းနှင်ခြင်းမပြုရ။

(ခ) **အများပြည်သူပို့ဆောင်ရေးနှင့် ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်များ -** စက်မဲ့လေယာဉ် (Glider) မှအပ အများပြည်သူပို့ဆောင်ရေးနှင့် ကောင်းကင်မှလုပ်ငန်းဆောင်ရွက်သည့် လေယာဉ်တိုင်းကို လျော်ကန်သော ကျွမ်းကျင်လေယာဉ်မှူးလိုင်စင် (Professional Pilot Licence) ကိုင်ဆောင်ထားသူ (စီးပွားရေး သို့မဟုတ် လေကြောင်းသယ်ယူပို့ဆောင်ရေး လေယာဉ်မှူးလိုင်စင်ကိုင်ဆောင်သူ) ကသာ ပျံသန်းမောင်းနှင်ရမည်။

သို့ရာတွင် လေယာဉ်၊ စက်မဲ့လေယာဉ်များဖြစ်သည့် မီးပုံးပျံ ပျံသန်းခြင်း သို့မဟုတ် အပျော်တမ်းပျံသန်းခြင်းတို့အတွက် တရားဝင် ဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုခုက ပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုနေသော လွန်စွာ ပေါ့ပါးသော လေယာဉ်၊ စက်မဲ့လေယာဉ် (Glider) သို့မဟုတ် မီးပုံးပျံတို့မှအပ လေယာဉ်တစ်စီးစီးကို သင်ကြားရေးအတွက်ဖြစ်စေ၊ လိုင်စင်အတွက် အရည်အချင်းပြည့်မီစေရေးအတွက်ဖြစ်စေ၊ လိုင်စင်သက်တမ်းတိုးမြှင့်ရေးအတွက်ဖြစ်စေ၊ ပိုမြင့်သောအတန်းအစားလိုင်စင်ထုတ်ပေးရေးအတွက်ဖြစ်စေ အမောင်းသင်လေယာဉ်မောင်းလိုင်စင် သို့မဟုတ် ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူက ပျံသန်းမောင်းနှင်နိုင်သည်။

ထို့ပြင် စက်မဲ့လေယာဉ်များဖြစ်သည့် မီးပုံးပျံ ပျံသန်းခြင်း သို့မဟုတ် အပျော်တမ်းပျံသန်းခြင်းတို့အတွက် တရားဝင်ဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုခုကပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုနေသော လွန်စွာပေါ့ပါးသောလေယာဉ်၊ စက်မဲ့လေယာဉ် (Glider) သို့မဟုတ် မီးပုံးပျံကို အသင်းသားတစ်ဦးဦးက ပျံသန်းရေးသင်ကြားရန်အတွက် မဟုတ်သောသူတစ်ဦးကိုတင်ဆောင်၍ ပျံသန်းမောင်းနှင်ခြင်းကို ဤနည်းဥပဒေအလို့ငှာ အများပြည်သူပို့ဆောင်ရေးအတွက် ပျံသန်းခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။ သို့ရာတွင် ထိုသို့ တင်ဆောင်ခြင်းအတွက် လေယာဉ်၏ လေယာဉ်မှူးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခကြေးငွေပေးခြင်းရှိပါက သို့မဟုတ် လေယာဉ်၏ လေယာဉ်မှူးသည် ၎င်းအသင်းအဖွဲ့၏ လခစားဝန်ထမ်းဖြစ်ပါက ထိုလေယာဉ်ကို အများပြည်သူပို့ဆောင်ရေးအတွက် ပျံသန်းသောလေယာဉ်အဖြစ် မှတ်ယူရမည်။

***မှတ်ချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင်လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှတ်ပုံတင်လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော လေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**အတည်ပြုသည့် လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်း**

၅၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ရရှိရေးနှင့် နည်းဥပဒေ ၅၆ ပါ ပြဋ္ဌာန်းထားသည့် အရည်အသွေးစံနှုန်းများရရှိရန် လိုအပ်သော ကျွမ်းကျင်မှုအဆင့်ရရှိရေး သင်တန်းသားများအား အတည်ပြုထားသည့် သင်တန်းအဖြစ် လေ့ကျင့်သင်ကြားမည့် သင်တန်းကြီးကြပ်အဖွဲ့အစည်းတစ်ခုအား ကျေနပ်သဘောတူပါက အတည်ပြုချက်ပေးနိုင်သည်။

(ခ) အတည်ပြုထားသည့် လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်းသည် လေ့ကျင့်သင်ကြားရေး သင်ရိုးညွှန်းတမ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့် ဦးစီးဌာနက သတ်မှတ်ထားသည့် သတင်းအချက်အလက်ပါဝင်သော သင့်လျော်ရာ စာတမ်းအမှတ်အသားများကို အတည်ပြုချက်ရရှိရေးအတွက် တင်ပြရမည်။ ထိုအဖွဲ့အစည်းတွင် သဏ္ဍာန်တူလေ့ကျင့်ရေး (simulator) သင်တန်းအား ဦးစီးဌာနက အတည်ပြုထားသည့် သဏ္ဍာန်တူလေ့ကျင့်ရေး သင်တန်းများကသာ လုပ်ဆောင်ရမည်။

(ဂ) အတည်ပြုထားသည့် လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်း၏ အတည်ပြုချက်သည် ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ သက်တမ်းကာလတစ်ကြိမ်အတွက် တရားဝင်ရမည်ဖြစ်ပြီး သက်တမ်းတိုးမြှင့်ရမည်။

(ဃ) (၁) ကိစ္စတစ်ရပ်စီတွင် အတည်ပြုချက်ထုတ်ပေးရေးနှင့် သက်တမ်းတိုးမြှင့်ရေးတို့အတွက် နည်းဥပဒေ ၇၂ တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့်အရ ဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေ ပေးရမည်။

(၂) အခကြေးငွေကို ညွှန်ကြားရေးမှူးချုပ်ထံသို့ အမိန့်အရ ပေးသွင်းရမည်။

(င) အတည်ပြုချက်ရရှိသော လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်းသည် ၎င်း၏ လေ့ကျင့်သင်ကြားမှုနယ်ပယ်တွင် မပါဝင်သည့်အပြင် ဦးစီးဌာနက အတည်ပြုမထားသည့် မည်သည့်သင်တန်းမှ ထည့်သွင်းသင်ကြားခြင်း မပြုရ။

(စ) အတည်ပြုထားသည့် လေ့ကျင့်သင်ကြားသည့် အဖွဲ့အစည်း၏ သင်တန်းမှတ်တမ်းများကို ဦးစီးဌာနသတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းက အခွင့်အာဏာအပ်နှင်းထားသည့် အရာရှိက တောင်းဆိုသည့်အခါ ထိုသင်တန်းမှတ်တမ်းများကို ထုတ်ပြရမည်ဖြစ်သည်။

(ဆ) လေ့ကျင့်သင်တန်းပေးသည့် ကြီးကြပ်အဖွဲ့အစည်းသည် အရည်အချင်းပြည့် သင်တန်းနည်းပြများ၊ စာမေးပွဲစစ်ဆေးရန်နှင့် စစ်ဆေးကြည့်ရှုသည့် အထောက်အကူပြု ကိရိယာများအတွက် လိုအပ်သော ကိရိယာများအပါအဝင် လုံလောက်သော သင်ကြားရေးအထောက်အကူ ပစ္စည်းများရှိရမည်။

## လိုင်စင်ကိုင်ဆောင်ခြင်း သို့မဟုတ် ရယူခြင်းတို့အတွက် အရည်အချင်း မပြည့်စုံခြင်း

၅၉။ (က) လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည် မည်သူ့ကိုမဆို ထုချေရှင်းလင်းတင်ပြခွင့်ပေးပြီးနောက် ထိုသူသည် အောက်ပါအပြစ်တစ်ခုခုကို ကျူးလွန်ခဲ့သည်ဟု ကျေနပ်လက်ခံယုံကြည်ပါက ထိုသူကို အရည်အချင်း မပြည့်ဟု သတ်မှတ်ပြီး သတ်မှတ်ကာလတစ်ခုအတွက် လိုင်စင်ကိုင်ဆောင်ခြင်း သို့မဟုတ် ရယူခြင်းမှ ပိတ်ပင်နိုင်ပြီး ထိုသို့ ပိတ်ပင်ရသည့် အကြောင်းရင်းများကို စာဖြင့် မှတ်တမ်းတင်ထားရမည် -

(၁) အရက်ကို အလွန်အကျွံသောက်သော အလေ့အထရှိခြင်း သို့မဟုတ် မူးယစ်ဆေးဝါးစွဲနေခြင်း သို့မဟုတ်

(၂) လေကြောင်းထိန်းသိမ်းရေးအဖြစ် တာဝန်ထမ်းဆောင်သော ကာလများတွင် တာဝန်ကိုကျေပွန်စွာ မထမ်းဆောင်နိုင်ခဲ့သည်မှာ ပေါ့လျော့ခြင်း၊ ပျံသန်းနေသော သို့မဟုတ် မြေပြင်ပေါ်တွင် သွားလာနေသော လေယာဉ် သို့မဟုတ် လူအား ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်း သို့မဟုတ်

(၃) ပြစ်မှုကျူးလွန်ရန်ဖြစ်စေ၊ ဤနည်းဥပဒေများကို ချိုးဖောက်သည့် နည်းလမ်းဖြင့်ဖြစ်စေ လေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ပြင်ဆင်ခြင်း သို့မဟုတ်

(၄) လေယာဉ်အမှုထမ်း၏ လုပ်ငန်းတာဝန်များကို တာဝန်မဲ့စွာ ဆောင်ရွက်ခဲ့ခြင်း၊ လေယာဉ်ကို ဖြစ်စေ၊ လေယာဉ်တွင် လိုက်ပါသူများကိုဖြစ်စေ၊ မြေပြင်ပေါ်ရှိ အခြားလေယာဉ်၊ လူ သို့မဟုတ် အရာဝတ္ထုများ၏ ဘေးကင်းလုံခြုံမှုကိုဖြစ်စေ အန္တရာယ်ဖြစ်ခြင်းနှင့် ဖြစ်စေခဲ့ခြင်းတို့ကို သိသာပေါ့လျော့နေခြင်း သို့မဟုတ်

(၅) ပြစ်မှုကျူးလွန်လေ့ရှိသူ သို့မဟုတ် မြန်မာနိုင်ငံရှိ တရားရုံးတစ်ရုံးရုံးက ကိုယ်ကျင့်သိက္ခာပျက်ပြားစေသော ပြစ်မှု သို့မဟုတ် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ပြစ်မှုတစ်ခုခုအတွက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူဖြစ်ခြင်း သို့မဟုတ်

(၆) လိုင်စင်၊ အရည်အသွေးစံနှုန်းအဆင့် သတ်မှတ်ချက်၊ လေယာဉ်အမျိုးအစား အရည်အသွေးစံနှုန်း သတ်မှတ်ချက် သို့မဟုတ် လေယာဉ်အမျိုးအစားအလိုက် အရည်အသွေးစံနှုန်းတိုးမြှင့်ခြင်း သို့မဟုတ် ၎င်းတို့၏ သက်တမ်းတိုးမြှင့်ခြင်းတို့ကို အဓိကကျသော အချက်အလက်များ ထိမ်ချန်ခြင်း သို့မဟုတ် မှားယွင်းသော အချက်အလက်များ တင်ပြခြင်းတို့ဖြင့် ရယူခဲ့ခြင်း သို့မဟုတ်

(၇) လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းတွင်ပါရှိသော အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပြင်ဆင်ခြင်း။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် အများပြည်သူအကျိုးငှာ လိုအပ်သည်ဟု ယူဆပါက နည်းဥပဒေ ၅၆ တွင် ဖော်ပြထားသော လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ကိုင်ဆောင်ခြင်းအား အပြီးအပိုင်ပိတ်ပင်ခြင်း သို့မဟုတ် ယာယီအားဖြင့် ပိတ်ပင်ခြင်းပြုနိုင်သည်။

(ဂ) (၁) နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းခံရသော လိုင်စင်ကိုင်ဆောင်ထားသူတစ်ဦးသည် ယင်းလိုင်စင်ကို လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်ထံ ချက်ချင်းပြန်လည်အပ်နှံရမည်။

(၂) လိုင်စင်စည်းကမ်း မလိုက်နာသည့်အတွက် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ယာယီပိတ်သိမ်းခြင်းခံရသည့် လိုင်စင်ဖြစ်ပါက၊ ယာယီပိတ်သိမ်းသည့်ကာလ ကုန်ဆုံးသည့်အထိဖြစ်စေ၊ အပြီးအပိုင်ပိတ်သိမ်းသည့်လိုင်စင်ဖြစ်ပါက ၅ နှစ်အထိဖြစ်စေ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်က ထိုလိုင်စင်ကို ထိန်းသိမ်းထားရမည်။

**ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ**

၆၀။ (က) နည်းဥပဒေ ၅၆ တွင် ရည်ညွှန်းထားသည့် လေယာဉ်အမှုထမ်းများအတွက် လိုအပ်သော လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းတစ်ခုကို လျှောက်ထားသူက အသိအမှတ်ပြုထားသော အတည်ပြုဆေးဘက်ဆိုင်ရာ အာဏာပိုင်၏ ဆေးစစ်ဆေးမှုကို ခံယူပြီး ဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည့် ဆေးဘက်ဆိုင်ရာ အဆင့်အတန်းများကို ပြည့်မီမှသာ ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးပေးခြင်း ပြုလုပ်ရမည်။

သို့ရာတွင် အတည်ပြုဆေးဘက်ဆိုင်ရာအာဏာပိုင်၏ အမြင်အားဖြင့် လျှောက်ထားသူ၏ အခြေအနေသည် ၎င်း၏ လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း၏ သက်တမ်းအတွင်း ၎င်း၏ လုပ်ငန်းတာဝန်များကို မဆောင်ရွက်နိုင်ခြင်း သို့မဟုတ် ရုတ်ခြည်းမစွမ်းဆောင်နိုင်ခြင်း ဖြစ်မည့် အန္တရာယ်မရှိနိုင်ခြင်း၊ လိုအပ်ချက်မပြည့်မီခြင်းကို အခြားသောနည်းလမ်းဖြင့် ဖြည့်ဆည်းနိုင်ခြင်း၊ လျှောက်ထားသူ၏ ချို့ယွင်းချက်ကို ဖြည့်ဆည်းနိုင်သည့် စွမ်းဆောင်နိုင်မှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ကို ၎င်းက ရရှိထားပြီးဖြစ်ကြောင်း ဦးစီးဌာနထံတွင် ကျေနပ်နိုင်လောက်သည့် အထောက်အထားရှိခြင်းတို့ဖြစ်ပါက လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် အတည်ပြုပေးခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် လျှောက်ထားသူက ၎င်း၏ ပျံသန်းရေးတာဝန်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကန့်သတ်ချက်များ သတ်မှတ်ပေးနိုင်သည်။ ထို့ပြင် အများပြည်သူပို့ဆောင်ရေး သို့မဟုတ် ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်၏ ပျံသန်းရေးအမှုထမ်းတစ်ဦးသည် ဦးစီးဌာနက အသိအမှတ်ပြုထားသည့် ဆေးစစ်ဌာနများမရှိသော နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် တာဝန်ကျနေခြင်းကြောင့် ပြဋ္ဌာန်းထားသည့် ဆေးစစ်ဆေးမှုကို အောင်မြင်စွာ ခံယူခဲ့ခြင်းမရှိသော်ငြားလည်း အဆိုပါ အမှုထမ်းက ပြဋ္ဌာန်းထားသည့် ဆေးဘက်ဆိုင်ရာ အဆင့်အတန်းများနှင့်အညီ မှတ်ပုံတင်ထားသော ဆရာဝန်တစ်ဦးဦးထံမှ ၎င်း၏ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ကို တင်ပြနိုင်ပါက ဦးစီးဌာနသည် အဆိုပါ အမှုထမ်း၏ လိုင်စင် သို့မဟုတ် အဆင့်သတ်မှတ်ချက်ကို ၃ လ နှစ်ကြိမ် ဆက်တိုက်တိုးမြှင့်ပေးနိုင်သည်။

(ခ) ပျံသန်းမှုလုပ်ငန်းများ၏ ဘေးကင်းလုံခြုံရေးအတွက် ဦးစီးဌာနသည် လိုအပ်သည်ဟု ထင်မြင်ယူဆပါက မည်သည့်လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်ရရှိသူ၊ လေကြောင်းထိန်းသိမ်းရေး လိုင်စင်ရရှိသူကိုမဆို အတည်ပြုဆေးဘက်ဆိုင်ရာအာဏာပိုင်၏ ဆေးစစ်မှုခံယူစေရန် တောင်းဆိုနိုင်သည်။

(ဂ) ဦးစီးဌာနက သတ်မှတ်ထားသည့် ကျန်းမာရေးစစ်ဆေးခြင်း စံညွှန်းများအတိုင်း အတည်ပြုဆေးဘက်ဆိုင်ရာ အာဏာပိုင်က စစ်ဆေးသည့် ဆေးစစ်ချက်များမှ ကျေနပ်ဖွယ်မရှိသော လျှောက်ထားလာသူများအား မည်သည့်လိုင်စင် သို့မဟုတ် စံနှုန်းအဆင့်အတန်းကိုမျှ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းမပြုလုပ်ရ။

သို့ရာတွင် အသိအမှတ်ပြုထားသော အတည်ပြုဆေးဘက်ဆိုင်ရာ အာဏာပိုင်၏ ထင်မြင်ယူဆချက်အရ လျှောက်ထားသူ၏ အခြေအနေသည် ရုတ်တရက် အရည်အသွေး ကျဆင်းခြင်း သို့မဟုတ် လိုင်စင် သို့မဟုတ် အရည်အသွေး စံနှုန်းသက်တမ်းကာလ တာဝန် ထမ်းဆောင်စဉ် အချိန်အတွင်း ဆေးဘက်ဆိုင်ရာ အားနည်းချက်များကြောင့် အန္တရာယ်မဖြစ် စေနိုင်ခြင်းဟု ယူဆခြင်းအပြင်၊ ဦးစီးဌာနကလည်း လျှောက်ထားသူသည် ၎င်း၏စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများက ၎င်း၏ ဆေးစစ်ချက်ဆိုင်ရာအားနည်းချက်များကို ကုစား နိုင်သည်ဟု ကျေနပ်ဖွယ်ရာ သက်သေပြပြီးဖြစ်သည်ဟု ယူဆပါက လိုင်စင်နှင့် အရည်အသွေး စံနှုန်းများကို ကန့်သတ်ချက်များနှင့် သက်တမ်းတိုးပေးခြင်း သို့မဟုတ် အသိအမှတ်ပြုခြင်းများ ပြုလုပ်နိုင်သည်။

**ကျန်းမာရေးနှင့်ပြည့်စုံကြောင်း ဆန်းစစ်ချက်နှင့် လိုင်စင်များ၏ တရားဝင်မှုသက်တမ်း**

၆၁။ အောက်ဖော်ပြပါ လိုင်စင်၏အထူးအခွင့်အရေး ကျင့်သုံးမှုတရားဝင်သက်တမ်းသည် ထိုလိုင်စင်တွင် ဖော်ပြထားသည့် အရည်အသွေးစံနှုန်းပါ ကျန်းမာရေးနှင့် ပြည့်စုံကြောင်း သက်သေခံလက်မှတ်၏ တရားဝင်မှု အရ သတ်မှတ်သည့်အတိုင်းဖြစ်သည် -

(က) ကျန်းမာရေးနှင့်ပြည့်စုံကြောင်း သက်သေခံလက်မှတ်၏ တရားဝင်သက်တမ်းသည် -

(၁) စီးပွားဖြစ်လုပ်ငန်း လေယာဉ်မှူးလိုင်စင်နှင့် လေကြောင်းလိုင်းလေယာဉ်မှူးလိုင်စင် အတန်း အစား (၁) အတွက် ၁၂ လ ဖြစ်ရမည်။

(၂) အမောင်းသင်လေယာဉ်မောင်းလိုင်စင်နှင့် ကိုယ်ပိုင်လေယာဉ်မှူးလိုင်စင် အတန်းအစား (၂) အတွက် ၆၀ လ ဖြစ်ရမည်။

(ခ) ကျန်းမာရေးနှင့်ပြည့်စုံကြောင်း သက်သေခံလက်မှတ်၏ တရားဝင်သက်တမ်းအတွက် ကင်းလွတ်ချက် များသည် -

(၁) သက်သေခံလက်မှတ် ကိုင်ဆောင်သူက အသက် ၄၀ ပြည့်ပြီးသည့်အခါ -

(ကက) အမောင်းသင်လေယာဉ်မောင်းလိုင်စင်နှင့် ကိုယ်ပိုင်လေယာဉ်မှူးအတွက် သတ်မှတ် ထားသည့် ၆၀ လ အစား ၂၄ လ သို့ လျှော့ချနိုင်သည်။

(ခခ) စီးပွားဖြစ်လုပ်ငန်း လေယာဉ်မှူးလိုင်စင်နှင့် လေကြောင်းလိုင်း လေယာဉ်မှူး လိုင်စင်အတွက် သတ်မှတ်ထားသည့် ၁၂ လ အစား ၆ လသို့ လျှော့ချနိုင်သည်။

(၂) သက်သေခံလက်မှတ်ကိုင်ဆောင်သူက အသက် ၅၀ ပြည့်ပြီးသည့်အခါ စီးပွားဖြစ်လုပ်ငန်း လေယာဉ်မှူးလိုင်စင်နှင့် လေကြောင်းလိုင်းလေယာဉ်မှူးလိုင်စင်အတွက် ၂၄ လ အစား ၁၂ လသို့ လျှော့ချနိုင်သည်။

(၃) သက်သေခံလက်မှတ်ကိုင်ဆောင်သူက အသက် ၆၀ ပြည့်ပြီးသည့်အခါ စီးပွားဖြစ်လုပ်ငန်း လေယာဉ်မှူးလိုင်စင်နှင့် လေကြောင်းလိုင်းလေယာဉ်မှူးလိုင်စင်အတွက် သတ်မှတ်ထားသည့် ၆ လ အစား ၃ လသို့ လျှော့ချနိုင်သည်။

(ဂ) ကျန်းမာရေးနှင့်ပြည့်စုံကြောင်း ဆန်းစစ်ချက်၏ အများဆုံး တရားဝင်သက်တမ်းသည် လေကြောင်း ထိန်းသိမ်းရေးလိုင်စင်အတွက် ကျန်းမာရေးဆေးစစ်ချက်ပြုသည့်နေ့မှစ၍ ၄၈ လ ဖြစ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) တွင် သတ်မှတ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း တရားဝင်သက်တမ်း ကာလသည် လေကြောင်းထိန်းသိမ်းရေးလိုင်စင်အတွက် လိုင်စင်ကိုင်ဆောင်သူက အသက် ၄၀ ပြည့်ပြီးနောက် ၂၄ လသို့ လျှော့ချရမည်။

(င) (၁) ကျန်းမာရေးကောင်းမွန်ကြောင်း ဆန်းစစ်ချက်ပဏာမ တရားဝင်သက်တမ်းကာလသည် လေကြောင်းထိန်းသိမ်းရေးလိုင်စင်အတွက် ကျန်းမာရေးဆေးစစ်ချက်ပြုသည့်နေ့မှစ၍ စတင် ရေတွက်ရမည်။

(၂) တရားဝင်သက်တမ်းကို တိုးမြှင့်သည့်ကိစ္စတွင် သက်တမ်းတိုးလျှောက်ထားသည့်နေ့ကို ထည့်သွင်းမစဉ်းစားဘဲ လွန်ခဲ့သော တရားဝင်သက်တမ်းကုန်ဆုံးပြီးနောက်နေ့မှ စတင်ရမည်။ သို့ရာတွင် လိုင်စင် သို့မဟုတ် သက်သေခံလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာကို သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်ဖြစ်ပြီး သက်တမ်းတိုးမြှင့်ရန်အတွက် လိုအပ်ချက်များအားလုံးကို လျှောက်လွှာတင်သွင်းချိန်တွင် ပြည့်စုံစွာဆောင်ရွက်ပြီးဖြစ်ရမည်။

(၃) အခြားကိစ္စများတွင် ကျန်းမာရေးကောင်းမွန်ကြောင်း ဆန်းစစ်ချက်သက်တမ်းတိုးသည့် တရားဝင်သက်တမ်းသည် သက်တမ်းတိုးပေးသည့်နေ့မှ စတင်ရမည်။

## လိုင်စင်ကိုင်ဆောင်သူ၏ လက်မှတ်

၆၂။ လျှောက်ထားသူသို့ လိုင်စင်ထုတ်ပေးပြီးသည်နှင့် ထိုသူသည် လိုင်စင်ကိုင်ဆောင်သူအနေဖြင့် လိုင်စင်ပေါ်၌ ၎င်း၏အမည်တွင် ထိုးမြဲလက်မှတ်ကို ချက်ချင်းရေးထိုးရမည်။

## လေယာဉ်ပျံသန်းမှုလိုင်စင်အတွက် ကျွမ်းကျင်မှု အထောက်အထား

၆၃။ လိုင်စင်နှင့် အရည်အသွေးစံနှုန်းလျှောက်ထားသည့်သူများသည် အောက်ဖော်ပြပါ ခြွင်းချက်များတွင် ပါရှိသော လက်တွေ့ပျံသန်းမှုလုပ်ငန်း အတွေ့အကြုံတို့ကို ရရှိပြီးကြောင်းကိုလည်းကောင်း၊ လိုင်စင်နှင့် အရည်အသွေးစံနှုန်းအတွက် စစ်ဆေးမှုများနှင့် စာမေးပွဲများကို ကျေနပ်လက်ခံသည့်အဆင့်အထိ အောင်မြင်ပြီးကြောင်းကိုလည်းကောင်း သက်သေခံအထောက်အထားများကို တင်ပြရမည် -

***ခြွင်းချက် (၁)။*** တပ်မတော်လေတပ်မှ အရည်အချင်းပြည့် လေယာဉ်မှူးတစ်ဦးသည် ပျံသန်းမှုတာဝန်များ ဆောင်ရွက်ရန်အတွက် ဤနည်းဥပဒေများအရ လိုအပ်သော ပျံသန်းမှုအတွေ့အကြုံများ၊ ကျန်းမာရေးနှင့် ကိုယ်ကာယကြံ့ခိုင်မှုပြည့်စုံကြောင်း လိုအပ်သည့် အဆင့်မီကြောင်း သက်သေခံအထောက်အထားများကို တင်ပြနိုင်ပါက အဆိုပါ လေယာဉ်မှူးကို ပျံသန်းမှုစစ်ဆေးခြင်း၊ ဆေးစစ်ခြင်းနှင့် ဦးစီးဌာနက ကိုယ်ပိုင်လေယာဉ်မှူး၊ စီးပွားဖြစ်လေယာဉ်မှူးနှင့်လေကြောင်းပို့ဆောင်ရေးလေယာဉ်မှူးလိုင်စင်နှင့် စပ်လျဉ်း၍ ကျင်းပသည့် နည်းပညာပိုင်းဆိုင်ရာ စာမေးပွဲဖြေဆိုခြင်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

***ခြွင်းချက် (၂)။*** စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်မှအဆင့်တူ သို့မဟုတ် ပို၍အဆင့်မြင့်သော လိုင်စင်ထုတ်ပေးထားသူတစ်ဦးကို ညွှန်ကြားရေးမှူးချုပ်သည် ပျံသန်းရေးစစ်ဆေးမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ နည်းဥပဒေ ၁၇၂ ပါ ပြစ်ဒဏ်ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ စစ်ဆေးမှုများနှင့် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးမှုများကို ကင်းလွတ်ခွင့်ပြုနိုင်သည်။ အကယ်၍ သက်တမ်းရှိလိုင်စင်ကို ကိုင်ဆောင်ထားသူဖြစ်ပါက ထိုသက်တမ်းအတွက် ညွှန်ကြားရေးမှူးချုပ်သည် ဆေးစစ်ဆေးမှုမှ ကင်းလွတ်ခွင့်ပြုနိုင်ပါသည်။

***ခြွင်းချက် (၃)။*** အထက်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ထုတ်ပေးသည့် လိုင်စင်ဖြစ်သည့်ကိစ္စတွင် လျှောက်ထားသူသည် လေယာဉ်ပျံသန်းရန် လုံလောက်ပြီး ကျေနပ်ဖွယ်ရာအတွေ့အကြုံရှိကြောင်းနှင့် ကျွမ်းကျင်မှုရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က ထင်မြင်သည့်အတိုင်း လိုင်စင်၏ လေယာဉ်အရည်အသွေးစံနှုန်းတွင် အဆိုပါ လေယာဉ်အမျိုးအစားကိုသာ ထည့်သွင်းရမည်။

***ခြွင်းချက် (၄)။*** ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားသူအား စာမေးပွဲဖြေဆိုအောင်မြင်ခြင်းမှ ကင်းလွတ်ခွင့်ပေးရေးအတွက် နည်းပညာပိုင်းဆိုင်ရာ စာမေးပွဲများနှင့်တူညီသော သင်ရိုးညွှန်းတမ်းဆိုင်ရာ စစ်ဆေးမှုကို ဆုံးဖြတ်နိုင်သည်။

***ခြွင်းချက် (၅)။*** ဦးစီးဌာနသည် လေယာဉ်မောင်းသင်တန်း၊ စာမေးပွဲ သို့မဟုတ် စမ်းသပ်ပျံသန်းမှု စသည်တို့ဆောင်ရွက်ပြီး သူတို့နှင့်အတူ အဆိုပါ သင်တန်းတည်ထောင်မှု သို့မဟုတ် လေကြောင်းလိုင်းလုပ်ငန်း လုပ်ကိုင်လိုသူတို့နှင့်စပ်လျဉ်း၍ သင်ရိုးညွှန်းတမ်း၊ အသိအမှတ်ပြု လက်မှတ်၊ အမှတ်စာရင်း၊ စမ်းသပ်ပျံသန်းမှုအစီရင်ခံစာများ၊ ဆန်းစစ်ချက်များ စသည်တို့အပါအဝင် သက်ဆိုင်ရာ လေ့ကျင့်သင်တန်းမှတ်တမ်းများအားလုံးကို စာမေးပွဲအတွက် တင်ပြရန် သင်တန်းသား၊ သင်တန်းကျောင်းတည်ထောင်သူ သို့မဟုတ် လေကြောင်းလိုင်းလုပ်ငန်း တည်ထောင်သူတို့ထံ တောင်းဆိုနိုင်သည်။

## လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်အတွက် စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်း

၆၄။ (က) ဦးစီးဌာနသည် သတ်မှတ်ထားသော စာမေးပွဲများကို ကျင်းပခြင်း၊ မြန်မာနိုင်ငံအတွင်း စာစစ်ဌာနသတ်မှတ်ခြင်း၊ စာမေးပွဲကြီးကြပ်သူများ ခန့်ထားခြင်းနှင့် စာမေးပွဲများ ကျင်းပရေးအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ ပြုလုပ်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ထားသော စမ်းသပ်ပျံသန်းရေး စစ်ဆေးမှုများနှင့် နည်းပညာပိုင်းဆိုင်ရာ စာမေးပွဲများပြုလုပ်ရန် စစ်ဆေးသူများအား ခန့်အပ်နိုင်ပြီး လိုအပ်ပါက နှုတ်ဖြေစစ်ဆေးမှုများ ပြုလုပ်ရန် ဘုတ်အဖွဲ့ကိုလည်း ဖွဲ့စည်းခန့်အပ်နိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ကျွမ်းကျင်မှုစစ်ဆေးသည့် နည်းလမ်းပုံစံကို သတ်မှတ်ပေးနိုင်ပြီး ၎င်းစစ်ဆေးမှုများ ဆောင်ရွက်ရန် စစ်ဆေးရေးလေယာဉ်မှူးများနှင့် စစ်ဆေးသူများအား အတည်ပြုခန့်အပ်နိုင်သည်။ လိုင်စင်တစ်ခုတွင် လေယာဉ်အဆင့်သတ်မှတ်ချက် ထည့်သွင်းရန်အတွက်ဖြစ်စေ၊ လိုင်စင်၏ လေယာဉ်အဆင့်သတ်မှတ်ချက်တွင် ဖြည့်စွက်ရန်အတွက်ဖြစ်စေ၊ ပါရှိပြီးသော လေယာဉ်အရည်အသွေးစံနှုန်းအဆင့် သတ်မှတ်ချက်ကို သက်တမ်းတိုးရန်အတွက် သို့မဟုတ် ကျွမ်းကျင်မှု စစ်ဆေးရန်အတွက်ဖြစ်စေ မည်သည့်လေယာဉ်ပေါ်တွင် မည်သည့်ပျံသန်းစစ်ဆေးမှု ပြုလုပ်ခြင်းအတွက်မဆို စစ်ဆေးသူများကို အစီရင်ခံတင်ပြစေနိုင်သည်။

(ဃ) လျှောက်ထားသူတစ်ဦးက စစ်ဆေးမှုတွင်ဖြစ်စေ၊ စာမေးပွဲတွင်ဖြစ်စေ မတရားသော နည်းလမ်းများကို အသုံးပြုခဲ့သည်ဟု ညွှန်ကြားရေးမှူးချုပ်က ယုံကြည်ပါက ထိုသူကို မည်သည့်စစ်ဆေးမှု သို့မဟုတ် စာမေးပွဲမှ အပြီးအပိုင်ဖြစ်စေ၊ ယာယီအားဖြင့်ဖြစ်စေ ပိတ်ပင်နိုင်သည်။

(င) စစ်ဆေးရေးလေယာဉ်မှူး သို့မဟုတ် မည်သည့်စစ်ဆေးသူ သို့မဟုတ် ဘုတ်အဖွဲ့ကမဆို ပြုလုပ်သည့် စမ်းသပ်ပျံသန်းစစ်ဆေးမှု သို့မဟုတ် စာမေးပွဲတစ်ခုကို မိမိကျေနပ်လက်ခံနိုင်ခြင်းမရှိဟု ဦးစီးဌာနက ယုံကြည်ပါက ထိုစမ်းသပ်ပျံသန်းစစ်ဆေးမှု သို့မဟုတ် စာမေးပွဲပျက်ပြယ်ကြောင်း ကြေညာပြီး ထိုစမ်းသပ်ပျံသန်းစစ်ဆေးမှု သို့မဟုတ် စာမေးပွဲကိုအခြားစစ်ဆေးရေးလေယာဉ်မှူး သို့မဟုတ် စစ်ဆေးသူ သို့မဟုတ် ဘုတ်အဖွဲ့က ထပ်မံစစ်ဆေးရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်က ပထမစစ်ဆေးသည့် စစ်ဆေးရေးလေယာဉ်မှူး သို့မဟုတ် စစ်ဆေးသူကို နည်းဥပဒေ ၁၉ အရ အရေးယူသင့်သည်ဟု ထင်မြင်လျှင် အရေးယူနိုင်သည်။

(စ) လိုင်စင်ကိုင်ဆောင်သူကဖြစ်စေ၊ လိုင်စင် သို့မဟုတ် အရည်အသွေး စံနှုန်းအဆင့် သတ်မှတ်ချက် လျှောက်ထားသူကဖြစ်စေ လိုင်စင် သို့မဟုတ် အရည်အသွေး စံနှုန်းသတ်မှတ်ချက် ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ခြင်းအတွက် စမ်းသပ်ပျံသန်းမှု စစ်ဆေးခြင်းကို အောင်မြင်ပြီး နောက်ပိုင်း မည်သည့်ပျံသန်းမှု စစ်ဆေးခြင်းကိုမဆို ကျရှုံးပါက ကျရှုံးသည့်စစ်ဆေးမှုသည် ပထမစစ်ဆေးမှုအပေါ် သက်ရောက်မှုရှိပါက ပထမစစ်ဆေးမှုသည် နောက်စစ်ဆေးမှုပြုလုပ်သည့် ရက်နေ့မှစ၍ ပျက်ပြယ်သည်ဟု သဘောထားပြီး ပထမစစ်ဆေးမှုအရ ရရှိခဲ့သော လုပ်ပိုင်ခွင့်များကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဆ) ဦးစီးဌာနသည် နည်းဥပဒေ ၅၆ အရ လိုင်စင်နှင့် အရည်အသွေးစံနှုန်းများ ထုတ်ပေးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ စာမေးပွဲများအတွက် အသေးစိတ် သင်ရိုးညွှန်းတမ်းများကို ချမှတ်ပြဋ္ဌာန်းနိုင်သည်။

**လေယာဉ်မှူးလိုင်စင်များနှင့် သက်တမ်းတိုးခြင်းများ**

၆၅။ (က) နည်းဥပဒေ ၅၆ အရ ထုတ်ပေးထားသော လိုင်စင်များနှင့် အရည်အသွေးစံနှုန်းများအား နည်းဥပဒေ ၆၁ တွင် ဖော်ပြထားသော အချိန်ကာလများကို ကျော်လွန်ခြင်းမရှိစေဘဲ သက်တမ်းတိုးရမည်။

သို့ရာတွင် သက်တမ်းကျော်လွန်သော လိုင်စင်များနှင့် အရည်အသွေးစံနှုန်းများအတွက် သတ်မှတ်ထားသော စစ်ဆေးခြင်းများနှင့် အရည်အသွေး စမ်းသပ်ခြင်းများတွင် အရည်အချင်းပြည့်မီရန် လိုအပ်သည်။ ထို့ပြင် အဆိုပါ စစ်ဆေးခြင်းများနှင့် အရည်အသွေးစမ်းသပ်ခြင်းများသည် ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

သို့ရာတွင်လည်း လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း သက်တမ်းမတိုးမီ လျှောက်ထားသူက အတန်းအစားတူညီသော လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း ထုတ်ပေးခြင်းအတွက် လိုအပ်ချက်များကို ပြေလည်သည့်တိုင်လည်း လျှောက်ထားသူ၏ စွမ်းဆောင်ရည်သည် လိုင်စင်နှင့်အရည်အသွေးစံနှုန်းအတွက် လိုအပ်သော စံချိန်စံညွှန်းထက် နိမ့်ကျသည်ဟု ထင်မြင်ယူဆပါက ဦးစီးဌာနသည် လျှောက်ထားသူအား လိုအပ်ချက်အားလုံး ပြည့်မီစေရေး ဆောင်ရွက်စေနိုင်သည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ကိုင်ဆောင်သူက မောင်းနှင်မည့် လေယာဉ်အမျိုးအစားတွင် ကျိုးကြောင်းဆီလျော်သော ပျံသန်းမှုအတွေ့အကြုံမရှိခြင်း သို့မဟုတ် ထိုလေယာဉ်အမျိုးအစား မောင်းနှင်ရန် လိုအပ်သော စွမ်းဆောင်ရည်မရှိခြင်းများ တွေ့ရှိလျှင် လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း သက်တမ်းတိုးလျှောက်ထားချိန်၌ လေယာဉ်အရည်အသွေးစံနှုန်းတွင် ထည့်သွင်းထားသော လေယာဉ်အမျိုးအစားကို ပယ်ဖျက်နိုင်သည်။

(ခ) လိုင်စင်ကိုင်ဆောင်သူသည် အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်ပတ်သက်သော ကျန်းမာရေးပြည့်မီကြောင်း မကြာမီက စစ်ဆေးချက်မရှိလျှင် လိုင်စင်၏ အခွင့်အရေးများကို ကျင့်သုံးခြင်းမပြုရ -

(၁) ၁၅ ရက် သို့မဟုတ် ကျော်လွန်သောကာလအတွင်း လိုင်စင်အရ လုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်းမရှိအောင် နာမကျန်းခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း၊

(၂) လိုင်စင်အခွင့်အရေးများကို ကျင့်သုံးစဉ်အတွင်း ဖြစ်ပွားသော မတော်တဆ ထိခိုက်ပျက်စီးမှုတွင် ကာလရှည်ကြာသော ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် စွမ်းဆောင်နိုင်စွမ်းမရှိဟု ယူဆရခြင်း၊ တာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိဟု မှတ်ယူနိုင်ခြင်း၊ လိုင်စင်ကိုင်ဆောင်သူ သို့မဟုတ် ၎င်း၏ အလုပ်ရှင်သည် နာမကျန်းမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုအား ဦးစီးဌာနသို့ ချက်ချင်း အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြထားသော အရည်အသွေးမပြည့်မီသူ၏ လိုင်စင်အား လိုင်စင်ကိုင်ဆောင်သူသည် ကျန်းမာရေးပြည့်မီကြောင်း စစ်ဆေးခြင်းကို အောင်မြင်ပြီးသည်အထိ တရားမဝင်ဟု မှတ်ယူရမည်။

